
www.burmeseclassic.com



www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၅၆၁၁၂၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၄၂၀၁၁၂
အဖုံးဒီဇိုင်း - ကိုဆန်း
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ ဦးမြင့်သန်း (မြ-၀၄၉၀၂)
စိပယ်အော့ဖ်ဆက်
၆၈၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းငွေ
ပုံနှိပ်ခြင်း - ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ။
- ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၆၀၀ ကျပ်

၈၉၅ . ၈၃
ပြည့်ပိုင်မှူးအိမ်
မျိုးစုံကြိုးခုန်တတ်သော/ပြည့်ပိုင်မှူးအိမ် ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၂
၁၅၀ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ။
(၁) မျိုးစုံကြိုးခုန်တတ်သော

www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်များခင်ဗျာ

ယောကျ်ားလေးစိတ်ဝင်နေတဲ့ ကောင်မလေးက မင်းသားနဲ့သူငယ်ချင်း။ နောက်ပိုင်းမှာ အဲဒီယောကျ်ားလျှာ(ရှာ) ကောင်မလေးက တဖြည်းဖြည်း မိန်းကလေးပီသလာ။ နောက်ဆုံးမှာ မင်းသားနဲ့ညား။ ဒါမျိုးက ရိုးတောင်နေပါပြီ။ ကိုယ်နဲ့ချစ်နေတဲ့ ကောင်မလေး(မိန်းကလေးစစ်စစ်)က တဖြည်းဖြည်း ယောကျ်ားစိတ်ပေါက်လာခဲ့ရင်ကော။ တော်တော် ကမောက်ကမနိုင်မဲ့ကိစ္စပါ။

အဲဒီလိုကြီးသာ ဖြစ်လာခဲ့မယ်ဆိုရင်တော့. . .။

~ ~ ~

www.burmeseclassic.com

www.burmeseclassic.com

"မောင်"

"အင်း. . . ပြောလေ ဖြူ"

မိန်းကလေးများထဲမှာ ရှားရှားပါးပါး ဆံနွယ်ရှည်ကို ပိုင်ဆိုင်ထားသော သူ၏ချစ်သူ 'ရွှန်းလဲ့ဖြူ'ကို ခပ်ဖွဖွဖက်ထားရင်း သူ'ပြော'ဟု ဆိုဖြစ်သည်။ ချစ်သူက သက်ပြင်းကို တိုးညှင်းစွာချရင်း သူ့ပခုံးပေါ် ခေါင်းကိုမှီသည်။

"ဘာလိုလိုနဲ့ သန်ဘက်ခါဆိုရင် ဝတီတို့တောင် မင်္ဂလာဆောင်ပြီနော်"

သူတို့သူငယ်ချင်းအုပ်စုမှ ပထမဆုံးစွံသော အတွဲဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည့် ဝတီနှင့်မိုးအောင်တို့၏ မင်္ဂလာဆောင်က သူမပြောသလို သန်ဘက်ခါဖြစ်သည်။

"ဖြူက အားကျလို့လား"

"အားမကျဘဲ နေမလားလို့၊ ဖြူလည်း သတို့သမီးဝတ်စုံ လေး ဝတ်ချင်တာပေါ့၊ အင်း. . . ဘယ်တော့မှများ ဝတ်ရမှာလဲ မသိဘူး"

သူမက သက်ပြင်းချရင်း ဆိုသည်။

"အခုဝတ်ချင်ရင်လည်း ဖြစ်ပါတယ် ဖြူရာ၊ မင်္ဂလာဆောင် ဝတ်စုံငှားတဲ့ဆိုင်မှာ တစ်စုံပြီးတစ်စုံ သွားဝတ်ကြည့်မလား"

ညစ်ကျယ်ကျယ်ဖြင့်ဆိုသော သူ့စကားကြောင့် သူမက

"မနောက်နဲ့နော်၊ ဖြူက အတည်ပြောနေတာ"

ဟု ခပ်ဆောင့်ဆောင့်ဆိုသည်။

"မောင်ကလည်း အတည်ပြောတာပါကွာ၊ အနောက်တိုင်း ဂါဝန်လား၊ ထိုင်မသိမ်းဝတ်မလားပြော၊ မောင် ဖုန်းကြိုဆက်ထား လိုက်မယ်"

"မောင်နော်"

သူ့စကားအဆုံးမှာ သူမက 'မောင်နော်'ဟု ဆိုရင်း သူ့ပိုက် ခေါက်ကို ဆွဲလိမ်သည်။

"အား. . . လားလား၊ နာတယ်ဖြူရ"

သူမကို ပိုမိုတင်းကြပ်စွာပင် အရှုံးကွက်နှင်းကာ ဖက်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရင်း သူဆိုဖြစ်သည်။ သူမက 'လွှတ် . . . လွှတ် အရှူးကွက်မနင်းနဲ့"

တုဆိုရင်း သူ့လက်များကို ဖယ်ချသည်။

"အရှူးကွက်နင်းတာ မဟုတ်ပါဘူးဖြူရာ၊ နာသွားတော့ ဒီလိုပဲ ဖက်မိသွားတာပါ၊ မောင်က သာတယ်နာတယ် သဘော မထားပါဘူးဖြူရာ၊ မောင် ဖြူ့ကို ခွင့်လွှတ်ပါတယ်၊ OK နော်"

"အောင်မာ . . . မာ လူလည်ကြီး"

ပြောရင်း သူမက သူ့ပခုံးကိုထုသည်။ မနာပါ။ သူ ညစ်ကျယ်ကျယ်ပင် ရယ်ဖြစ်သည်။

"အတူတူပါပဲ ဖြူရာ၊ မောင်လည်း မင်္ဂလာဝတ်စုံကြီး ဝတ်ပြီးတော့ ပောာ်ဒီကဖြူနဲ့ မင်္ဂလာဆောင်ချင်နေပြီ၊ ဖြူပဲ မင်္ဂလာ ဆောင်ဖို့ နေ့ရွှေ့ညရွှေ့ ရွှေ့နေတာမဟုတ်လား၊ ဖြူ မောင့်ကို တော့ အပြော်မကြဲပါဘူးနော်"

"မောင်နော်"

သူ့စကားအဆုံးမှာ သူမက 'မောင်နော်'ဟုဆိုရင်း မျက်စောင်းထိုးသည်။ တကယ်တော့လည်း မင်္ဂလာဆောင်ရန်ကို နေ့ရွှေ့ညရွှေ့ ရွှေ့နေသူက သူမပဲဖြစ်သည်။ 'မောင်လေး ကျောင်းမပြီးသေး'ဆိုသော ဆင်ခြေ၊ ဒီနှစ်ထဲမှာ ဖေဖေ နေသိပ် မကောင်းသေးလို့ဟူသော ဆင်ခြေ၊ စသည်ဖြင့် မရိုးနိုင်သော ဆင်ခြေများကြောင့် သူတို့မင်္ဂလာဆောင်ကား အထမမြောက်လာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့။

"အတူတူနေချင်ပြီ ဖြူရာ"

သူမ၏နဖူးကို ခပ်ဖွဖွနမ်းရင်း သူဆိုဖြစ်သည်။

"ဖြူရောပဲ"

သူမက ခပ်တိုးတိုးဆိုရင်း သူ့ရင်ခွင်ထဲမှာ ခေါင်းအပ်ကာထားသည်။ သူမကို ခပ်ဖွဖွဖက်ထားရင်း စိတ်ထဲမှာ မင်္ဂလာဆောင်နေမိသည်။ ပြီး သူမမသိအောင် သက်ပြင်းချဖြစ်သည်။

~ ~ ~

www.burmeseclassic.com

www.burmeseclassic.com

"ငါတို့နှစ်ယောက်ကျရင် မင်္ဂလာဆောင်ကို သူများနဲ့မတူအောင် ဆောင်ပြမယ်၊ လုံးဝထူးခြားစေရမယ်"

ဝဏ္ဏက လက်မထောင်ရင်း ဆိုသည်။

"အင်း. . . လုပ်ပါဦး"

ဘတ်ချလာနိုက် Dinner ကို ဒကာခံနေသော သတို့သား အသစ်စက်စက် မိုးအောင်က 'လုပ်ပါဦး'ဟု ဆိုသည်။ သတို့သမီး အသစ်စက်စက် ဝတီက 'ပေါက်ကရတွေ မပြောနဲ့နော်'ဟု ဆိုသည်။

"မပူနဲ့ ဒီကောင်ပြောရင် အကောင်းမဟုတ်တာကတော့

www.burmeseclassic.com

www.burmeseclassic.com



သေချာတယ်၊ ကဲ ပြောပြော ဝဏ္ဏ"

သူ ဟက်ခနဲရယ်ရင်း ဆိုဖြစ်သည်။

"သေသေချာချာနားထောင် သူရ၊ မင်းတောင် ငါ့အစီအစဉ်ကို သဘောကျပြီး လိုက်လုပ်ချင်လုပ်နေဦးမှာ"

ဝဏ္ဏက သူ့ကိုကြည့်ကာဆိုရင်း ဟီးခနဲ ရယ်သည်။

"ဒီလိုကွ. . . ငါက မင်္ဂလာဆောင်ရင် သင်္ကြန်တွင်းမှာ ဆောင်မှာ"

"စပြီးထူးခြားနေပြီ"

ဝဏ္ဏ၏စကားအဆုံးမှာ သတို့သားအသစ်စက်စက် မိုးအောင်က လက်ဖျောက်တီးရင်း ဆိုသည်။

"ညည့်ခံမဲ့နေရာကို အတည်တကျမထားဘူး၊ ဥပမာကွာ ဆိုဒိုးနား၊ ထရိုက်ဒါး ဒါမျိုးမဟုတ်ဘူး၊ ကားပေါ်မှာ ညည့်ခံမှာ၊ ခစ်လာပွဲလာတဲ့ လူအကုန်လုံးကို ကားပေါ်တင်ပြီးတော့ စတုဒိသာကျွေးတဲ့ ဘုန်းကြီးကျောင်းရောက်မှ ကြုံရင်ကြုံသလို ညည့်ခံသွားမယ်၊ အဲဒီလိုမျိုး၊ ကျွေးတဲ့လူလည်း ကုသိုလ်ရ၊ ငါတို့ ဆင်မယားလည်း အကုန်အကျသက်သာ အဲဒီလိုမျိုး"

"ရတယ်လေ. . . မင်းက အဲဒီလို ကျွေးမွေးညည့်ခံမယ်ဆိုတာ ကြိုသိထားရတော့ ငါတို့ကလည်း မင်းတို့မင်္ဂလာဆောင်မယ့် နေ့ကို ကြိုရှောင်လို့ရတာပေါ့"

သတို့သားကြီးမိုးအောင်က ဟက်ခနဲ ရယ်ရင်းဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၂ မြေ့ဖိုးဆိုင်

"လူမလာချင်နေလေ လက်ဖွဲ့လာရင်ပြီးတာပဲ"

ဝဏ္ဏက ပြောင်ချော်ချော်ဖြင့်ဆိုသည်။

"ဝဏ္ဏနဲ့ရမယ့်ကောင်မလေးကို ငါတော့သနားတယ်၊ တစ်သက်မှာ တစ်ခါပဲဆောင်ရမယ့် မင်္ဂလာဆောင်ကို ဒီလိုစီစဉ်ထားမှန်းသာသိရင် သူ နင့်ကို ဓားနဲ့လိုက်မှာသေချာတယ်"

သတို့သမီးဝတီက ရွှတ်နောက်နောက်ဆိုသည်။

"ဓားနဲ့လိုက်မယ်ဆိုတာ ဖြစ်နိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ကောင်မလေးက အရင်တုန်းက ယောကျ်ားလျှာကြီး၊ သူနဲ့တွေ့ပြီးတော့မှ နည်းနည်းလေး မိန်းမဆန်လာတာ၊ ဒါတောင် အခုထိ မိန်းမတစ်ယောက်နဲ့ ရာနှုန်းပြည့်တူသေးတာ မဟုတ်ဘူး"

သူ ဝဏ္ဏ၏ကောင်မလေးအကြောင်း ရယ်ရင်းဆိုဖြစ်သည်။ ဝဏ္ဏကတော့ တဟဲဟဲဖြင့် ရှက်ရယ်ရယ်သည်။

"မိန်းကလေးစိတ်ရှိတာကရော သေချာရဲ့လား ဝဏ္ဏ၊ တော်ကြာ ဟတ္တာဖြစ်နေမယ်နော်"

မိုးအောင်က ပြောင်စပ်စပ်ဖြင့် ဘာကိုဆိုလိုမှန်းမသိဆိုသည်။

"ဘာဟတ္တာလဲကွ၊ စကားပြောတာ ရှင်းရှင်းပြော"

"ညစာခက်နေမယ်လို့ ပြောတာကွာ ကဲ"

မိုးအောင်က ရယ်ချင်ပက်ကျိဖြင့်ဆိုသည်။

"ဘာလဲကွ. . . မင်းက ဘာညစာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏက မျက်နှာကြီးနီလျက် ဆိုသည်။

"ဒီလိုကွာ မင်းရဲ့ကောင်မလေးက မိန်းမစိတ်မပေါက်သေးရင် အချက်အပြုတ်ကိစ္စတွေ လုပ်မှာမဟုတ်ဘူးလေ၊ မင်းက မနက်စာကို လက်ဖက်ရည်ဆိုင်မှာ စားတယ်၊ နေ့လယ်စာကျတော့ ကုမ္ပဏီက ကင်တင်းမှာစားပြီး ညနေစာကို အိမ်မှာစားရမှ ကျေနပ်တဲ့ကောင်မဟုတ်လား၊ အဲဒါကို ဒီကောင်ကပြောတာ"

မိုးအောင်၏ကိုယ်စား သူကပင် ဝင်ရှင်းလိုက်သည်။

"တော်စမ်း သူရ၊ မင်းလည်း မင်းကိုယ်မင်း ဟုတ်လှပြီမထင်နဲ့၊ မိန်းမပီသလှပါတယ်ဆိုတဲ့ မင်းရဲ့ ရွှန်းလဲ့ဖြူကလည်း သူ့ဘာသာသူ ဆံပင်အရှည်ကြီးနဲ့ မိန်းကလေးဆန်နေပေမယ့် သူ့စိတ်ထဲမှာ ယောကျ်ားစိတ်ပေါက်မနေဘူးလို့ မပြောနိုင်ဘူး၊ လောကကြီးမှာ ဘာမှမမြဲဘူးကွ မှတ်ထား၊ ဟုတ်တယ်နော် ဖြူ"

ဝဏ္ဏက သူ့ကို ရှည်လျားစွာဆိုရင်း တစ်ချိန်လုံး ပြုံး၍သာ နေသော သူ၏ချစ်သူဖြစ်သော သူမကို အမေးရှိသည်။

"ဟုတ်တယ်၊ ဘာဖြစ်လို့လဲမသိဘူး ဖြူလည်းလေ အခုတလော ယောကျ်ားလေးစိတ်တွေ ဝင်လာတယ်သိလား၊ ဆံပင်ကိုလည်း ညှပ်ပစ်ချင်တယ်၊ ပြီးတော့ ကျားကျားလျားလျား ဝတ်ချင်စားချင်လာသလိုပဲ"

ဖြူက သူ့ကိုလှမ်းကြည့်ရင်း ရွှတ်နောက်နောက်ဆိုသည်။

"ဖြူ. . . ယောကျ်ားစိတ်တော့ မဝင်လိုက်ပါနဲ့ဖြူရယ်၊ ဖြူ



www.burmeseclassic.com

www.burmeseclassic.com

ယောကျ်ားစိတ်ဝင်ရင် မောင် ညစာငတ်သွားမှာပေါ့”

“ပါဆယ်ဆွဲထားပေးမှာပေါ့ မောင်ရဲ့”

မျက်နှာကြီးရှုံ့မဲ့ကာဆိုသော သူ့ကို သူမက ရယ်ကျဲကျဲဖြင့် ပတ်ခနဲဆိုသည်။

“မောင်. . . အပြင်စာတွေ မကြိုက်တာ ဖြူလည်းသိသားနဲ့ကွာ”

သူ ဟက်ခနဲရယ်ရင်း ဆိုဖြစ်သည်။

“မသိဘူး. . . အပြင်စာတွေ အတွင်းစာတွေ ဖြူမသိဘူး၊ ဖြူကလေ တကယ်တော့ မိန်းကလေးဖြစ်ချင်တာမဟုတ်ဘူး၊ ယောကျ်ားလေးပဲ ဖြစ်ချင်တာ၊ ခုနေများ ယောကျ်ားလေးဖြစ်ရရင် သိပ်ကောင်းမှာပဲ မောင်ရယ်”

ဖြူ၏စကားအဆုံးမှာ သူ မျက်နှာကို အစွမ်းကုန် ရှုံ့မဲ့ဖြစ်သည်။

“ဖြူ ယောကျ်ားဖြစ်သွားရင် မောင်က မိန်းကလေးဖြစ်ပေးရမှာလား၊ ဒါမျိုးတော့ လုံးဝမဖြစ်ဘူးနော် ဖြူ”

သူ အသည်းအသန်ပင် ခေါင်းခါဖြစ်သည်။ မိုးအောင်တို့ ဇနီးမောင်နှံအသစ်စက်စက်နှင့် ဝဏ္ဏက သူ့ကိုကြည့်ပြီး တခွိုးခွိုး ရယ်သည်။ ဖြူပါ လိုက်၍ရယ်သည်။

“မောင်ရယ်. . . ဖြူ ယောကျ်ားလေးဖြစ်သွားရင် မောင်နဲ့ ဖြူနဲ့ သူငယ်ချင်းလုပ်လို့ရပါတယ်မောင်ရဲ့၊ မောင်က မိန်းကလေး

www.burmeseclassic.com



ဖြစ်ပေးစရာ မလိုပါဘူး၊ ကောင်မလေးတစ်ယောက်တည်းကို အတူတူကြိုက်မိကြရင်လည်း တရားနည်းလမ်းကျကျ ပြိုင်လိုက်ကြတာပေါ့ မဟုတ်ဘူးလား"

ဖြူက ရယ်ချင်ပက်ကျဲဖြင့်ဆိုသည်။

"မသိဘူးကွာ. . . မသိဘူး၊ သောက်လို့က မမူးဘူး၊ ဖြူပြောတဲ့စကားတွေ နားထောင်မှပဲ လူက မူးချင်လာတယ်၊ ဟူး"

သူ လေပူကိုမှုတ်ထုတ်ရင်း ခေါင်းကိုခါဖြစ်သည်။ မပြောကောင်းမဆိုကောင်း သူမပြောသလိုသာ ဖြူတစ်ယောက် ယောကျ်ားဖြစ်သွားခဲ့ရင်ကောဟု အဓိပ္ပာယ်မရှိစွာ သူတွေးဖြစ်သည်။

~ ~ ~



www.burmeseclassic.com

www.burmeseclassic.com

Youth is quick in feeling but weak in judgment.

လူငယ်တို့ကား ခံစားခြင်း၌ လျှင်မြန်ကြပြီး ဆုံးဖြတ်ရာ၌ အားလျော့ကြ၏။

Homer.

~ ~ ~

ဆို ၊ မို ၊ ၀၁၆၂

www.burmeseclassic.com

www.burmeseclassic.com



"မင်းအရမ်းမူးနေပြီ သူရ၊ မင်းကားမမောင်းနဲ့ ဖြူ့ကို မောင်းခိုင်းလိုက်၊ ငါတို့လည်း ဝတီ့ကိုပဲ မောင်းခိုင်းမှာ"

မိုးအောင်က သူ့ပခုံးကိုပုတ်ရင်း ဆိုသည်။

"ဘာကိစ္စ ငါက မိန်းကလေးမောင်းတဲ့ကားကို စီးရမှာလဲ၊ ယောကျ်ားကွ၊ တုံးတိုက်တိုက် ကျားကိုက်ကိုက် ကိုယ့်ဘာသာကိုယ်ပဲ မောင်းမယ်၊ ဒါ. . . ပဲ"

"မောင်ကလည်း မူးရင်မမောင်းနဲ့ မောင်းရင်မမူးနဲ့ဆိုတဲ့ စကား ရှိတယ်လေ၊ ပေး. . ပေး ကားသော့၊ ဖြူ မောင်းပေးမယ်"

ဖြူက ပြောပြောဆိုဆိုပင် သူ့လက်ထဲမှ ကားသော့ကို



www.burmeseclassic.com

www.burmeseclassic.com



ယူသည်။

"မပေးဘူး၊ ကိုယ့်ဘာသာကိုယ်မောင်းမယ်၊ ဖြူ ဘေးက ဝဲလိုက်စီး၊ OK နော်၊ ကိုယ့်အားကိုယ်ပဲကိုးမယ် ဟုတ်ပြီလား"

"မောင်ကလည်းကွာ ပေးပါ၊ ဖြူမောင်းပေးမယ်လို့၊ မောင်တ မူးနေတာလေ၊ မောင် ဒီပုံစံနဲ့မောင်းရင် ဖြူလိုက်မစီးရဲဘူး"

"ဘာ"

သူမ၏စကားကို အာလေးလျှာလေးဖြင့် 'ဘာ'ဟု ဆိုဖြစ်သည်။ ဖြူက ခေါင်းကိုကုတ်ရင်း စိတ်တိုလာဟန်ဖြင့်. . .

"ဒီလိုမူးမူးရူးရူးနဲ့မောင်းရင် လိုက်မစီးရဲဘူးလို့ပြောတာ" ဟု ခပ်ဆတ်ဆတ်ဆိုသည်။

"မစီးရဲရင် မစီးနဲ့ကွာ၊ သွား ဟိုဘက်ကားသွားစီး"

ပြောပြောဆိုဆို သူကားပေါ်တက်ကာ ကားကို ဝူးခနဲမောင်းထွက်ဖြစ်သည်။ 'ဟကောင် သူရ'ဆိုသော ဝဏ္ဏ၏အသံကို သူကြားသည်။ 'မောင်'ဟုခေါ်သော ဖြူ့အသံကိုလည်း ကြားသည်။ ပြီး 'ဒီကောင်ကတော့ကွာ'ဟု မကျေမချမ်းဆိုသော မိုးအောင်၏အသံကိုလည်း ကြားသည်။

ဘာရယ်မဟုတ် ယစ်ရွှေရည်၏ တန်ခိုးကြောင့် ဘာမှမဟုတ်သည့်ကိစ္စကို သူစိတ်တိုကာနေသည်။

"ငါက ကားကို မောဒီလိုတောင် မောင်းပြလိုက်ဦးမယ်"

နှုတ်မှလည်း ပွစိပွစိရွတ်ရင်း ခြေထောက်ကလည်း လီဗာ

www.burmeseclassic.com



ကို ဖိနင်းဖြစ်သည်။ သူ့ကားနောက်မှနေ မီးတောက်ရင်း အချက်ပြကာ ကားကိုရပ်ခိုင်းနေသော ဝတီမောင်းလာသည့်ကားကို ပိုမို၍ ဝေးကျန်ခဲ့စေရန် လီဗာကို သူ ထပ်နင်းဖြစ်သည်။

သို့သော် လမ်းအကွေ့မှာ သူ သူ့ကား၏အရှိန်ကို မထိန်းနိုင်တော့။ မျက်နှာချင်းဆိုင်မှ ယာဉ်ကြောသို့ ရောက်ရှိသွားပြီး ကားတစ်စီးကို သူတိုက်မိသည်။

ပြီး. . .

သူ ဘာကိုမှ မ သိ တော့။

~ ~ ~

www.burmeseclassic.com

www.burmeseclassic.com



မျက်စိကို အားယူကာဖွင့်ကြည့်သော်လည်း မျက်လွှာကို ပင့်၍မရဘဲ ဖြစ်ကာနေသည်။ သတိရသောအချိန်မှာ သူ့စိတ်တွေက အရာအားလုံးကို မှတ်မိကာနေသည်။ တကယ်တမ်း ဓာတ်ရှင်တွေထဲကလိုသာဆိုလျှင် သူ သတိရရချင်း မြင်ရမည်က မျက်နှာကျက်ဖြူဖြူ ဖြစ်မည်ထင်သည်။

သို့သော် သူအခုမြင်နေရသည်က သူ့ရည်းစား။ သူ၏ မြတ်နိုးရသော ရွှန်းလဲ့ဖြူ၏ မျက်နှာဖြူဖြူ။

သူမက သူ့ကို ငုံ့ကြည့်ကာနေသည်မို့ သူမမျက်နှာကြီးကို ရုတ်တရက် အနီးကပ်မြင်ရသောအခါ သူ ထိတ်ခနဲဖြစ်သွားမိ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"လန့်လိုက်တာဖြူရယ် . . . ဘာကိစ္စ အဲဒီလောက်ကြီး ငေးကြည့်နေရတာလဲကွာ၊ မောင့်မျက်နှာမှာ ဘာတွေဖြစ်သွားလို့လဲ"

သူ ခုတင်ပေါ်မှာ ပက်လက်လှန်ကာနေရင်းက အရွှန်းဖောက်ဖြစ်သည်။ သူမက ဘာမှပြန်မပြောဘဲ ခုတင်ဘေးမှ ထိုင်ခုံမှာ ထိုင်ချသည်။

ပြီး သက်ပြင်းကို ဟင်းခနဲနေအောင်ချသည်။

"စိတ်ပူလိုက်ရတာမောင်ရယ် . . . မောင် နှစ်ရက်တိတိလုံးဝသတိလည်မလာလို့ အားလုံးက စိတ်ပူနေကြတာ၊ မောင့်ရဲ့ ညာဘက်လက်ကျိုးသွားတာကလွဲရင် အားလုံးပုံမှန်ပါပဲတဲ့၊ ဆရာဝန်ကြီးက ပြောတယ်"

"လက်ကျိုးတာက ဖက်ကျိုးတာနဲ့စာရင် တော်သေးတာပေါ့ ဖြူရယ်၊ ဘာမှမပူနဲ့၊ မောင်က တော်တန်ရုံဒဏ်ရာလောက်တတော့ စာမဖွဲ့ဘူး၊ သိတယ်မဟုတ်လား"

ပူပန်နေသော ဖြူကိုကြည့်ရင်း သူ သူမ၏ပူပန်မှုကို ပြေလျော့သွားစေရန် ဟာသလုပ်ဖြစ်သည်။ 'သိတယ်မဟုတ်လား' ဆိုသော သူ့စကားကို သူမက 'မသိဘူး'ဟု ချက်ချင်းတုံ့ပြန်သည်။

"မသိဘူး . . . နှစ်ရက်လုံးလုံး သတိရမလာလို့ ဖြူ့မှာ ရသမျှ ဘုရားစာတွေတောင်ကုန်တယ်၊ နှစ်ဖက်စလုံးက မိဘတွေဆိုရင် ထမင်းတောင် မစားနိုင်ကြဘူး"



www.burmeseclassic.com

www.burmeseclassic.com

## ၂ မြူးရှိုက်အိုင်

"ခေါက်ဆွဲတွေကြီးပဲ စားနေကြလို့လား"

"မောင်နေဉ်"

သူ၏ ရွှတ်နောက်နောက်အဆိုကြောင့် ဖြူက 'မောင်နေဉ်' ဟုဆိုရင်း မျက်စောင်းကြီးထိုးသည်။ ငိုမဲ့မဲ့ချစ်သူ၏မျက်နှာကို ကြည့်ရင်း သူ့ရင်ထဲမှာ အချစ်တွေတိုးကာ လာနေသည်ကတော့ အမှန်ပဲဖြစ်သည်။

"ဖြူကြောက်တာကလေ မာတ်ရှင်တွေထဲကလိုမျိုး သတိတော့ရလာပါရဲ့ ဟိုလူ့ကိုမမှတ်မိ၊ ဒီလူ့ကိုမမှတ်မိ ဖြစ်မှာကို ကြောက်တာ၊ အထူးသဖြင့် ဖြူ့ကိုပေါ့"

ခေါင်းငုံ့ကာ ရှက်အမ်းအမ်းဖြင့်ဆိုနေသည့် သူမကိုကြည့်ရင်း သူ စချင်လာသည်။ ထို့ကြောင့် သူ လည်ချောင်းကို ဟန့်ဖြစ်သည်။

"ဒီလိုမျိုးလား ဖြူ မောင်လုပ်ပြမယ်"

ပြောပြောဆိုဆို သူမျက်လုံးကို Over ဖြစ်သွားသည်အထိ ပြူးဖြစ်သည်။ ပြီး ဖြူ့ကိုကြည့်ဖြစ်သည်။

"ခ. . . ခင်ဗျား ဘူလဲ၊ ကျ. . . ကျွန်တော်ကရော ဘူလဲ၊ ကျ. . . ကျွန်တော် ဘယ်ကိုရောက်နေတာလဲ၊ ဒါ ဟာဝိုင်အီကျွန်းက ဟိုတယ်မှာလား"

အိုက်တင်အပြည့်ဖြင့် ပြောသော သူ့စကားအဆုံးမှာ သူမက ခွီးခနဲရယ်သည်။ ပြီး 'မောင်ကတော့လေ' ဟု ရေရွတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . . မောင် ခင်ဗျား ကျွန်တော့်ကို မောင်လို့ခေါ်လိုက်တာလား၊ ခင်ဗျားကို ကျွန်တော်မသိဘူး၊ ကျွန်တော့်ကို ချမ်းသာပေးပါဗျာ၊ အိုင်တွေ့တုန်း ခြေဆေးလိုက်မယ်ဆိုပြီးတော့ အပျော်မကြံလိုက်ပါနဲ့ဗျာ၊ နော်. . . ခင်ဗျားကိုကြည့်ရတာ လက်ရဲဇက်ရဲရှိမယ့်ပုံပဲ၊ ကြည့်ရင်းကြည့်ရင်းနဲ့တောင် ကြောက်လာပြီဗျာ"

ကြောက်ရွံ့ဟန်ဖြင့် ရွတ်နောက်နောက်ဆိုသော သူ့ကို ကြည့်ရင်း သူမက တခွီးခွီးရယ်သည်။ ပြီး 'မောင်နော် မဟုတ်မဟုတ်တွေမပြောနဲ့'ဟု အရယ်တစ်ဝက်ဖြင့် ဆိုသည်။

"ခင်ဗျား ကျွန်တော့်နားကို ကပ်မလာနဲ့နော်၊ အခန်းထဲမှာ ဘယ်သူမှမရှိဘူးဆိုပြီး ကပ်လာလို့ကတော့ ကျွန်တော်က အော်လိုက်မှာဗျ"

"ဘယ်လိုအော်မှာလဲ၊ 'ပဲပြုတ်'လို့လား"

သူမက ရယ်ကျဲကျဲဖြင့် မေးသည်။

"မဟုတ်ဘူး. . . ဝင်မလာကြသေးနဲ့ဦးဗျို့၊ ဒီမှာ ကောင်းခန်းရောက်နေပြီလို့ အော်မှာဗျ"

"မောင်နော်"

သူမက ရှက်အမ်းအမ်းဖြင့် 'မောင်နော်'ဟုဆိုသည်။

"ဘာတွေကောင်းခန်းရောက်နေတာလဲကွ"

အခန်းထဲသို့ ပြောပြောဆိုဆိုဝင်လာသူက ဝဏ္ဏဇော် ရည်းစား သစ်သစ်ဖူး။ ကတုံးဆံတောက်စတိုင်ဖြစ်သော ဆံပင်၊



www.burmeseclassic.com

www.burmeseclassic.com



ယောတျာ်းဆန်သော အဝတ်အစားများနှင့် သစ်သစ်ဖူး။ ထစ်လောတစ် မိန်းမပီသလာပြီဟု သူတို့ဆိုဖြစ်သော သစ်သစ်ဖူး။ အခုတော့ ကျားကျားလျားလျားကြီး ဖြစ်ကာနေသည်။

"ချစ်. . . ဝင်ခဲ့လေကွာ"

သစ်ဖူးက တံခါးဝဆီ လှည့်ကြည့်ရင်းခေါ်သည်။ တံခါးကို ဖွင့်တာ ညင်ညင်သာသာဝင်လာသူက တခြားသူမဟုတ်။ သူတို့၏ ဘော်ဒါကြီး ဝဏ္ဏ။

"ဝ. . . ဝဏ္ဏ မင်းပုံက ဘာကြီးလဲကွ"

သူ့ ခုတင်ပေါ်မှာ ပက်လက်ကြီးရှိနေရာမှ ထအော်ဖြစ်သည်။ သူ့လိုပင် ဖြူကလည်း ဝဏ္ဏကို အံ့သြစွာ ကြည့်ကာနေသည်။

အံ့သြလည်း သြလောက်စရာ။ ဝဏ္ဏတစ်ကောင် အချိုးပြောကာမနေ။ ဆံပင်တိုနံ့နံ့မှာ ကလစ်နှစ်ချောင်းတပ်ကာထားပြီး အပွင့်နုတ်နုတ်အကျီကို နုဖတ်နေအောင် ဝတ်ကာထားသည်။ ပြီး ပုဆိုးကိုလည်း ပုဆိုးမဟုတ် ထဘီမဟုတ် ဝတ်ကာထား၏။

'ဘာပုံကြီးလဲကွ'ဟူသော သူ့အမေးကို ချက်ချင်းပြန်မဖြေဘဲ သကောင့်သားက ရှက်ဝဲဝဲဟန်ပြုသည်။

"ဒီလိုကွ"

ဝဏ္ဏ၏ကိုယ်စား ဝင်ကာဖြေရှင်းသူက သစ်သစ်ဖူး။ ပြောပုံဆိုပုံက တကယ့်ကို ကျားကျားလျားလျားကြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်သစ်ဖူးက 'ဒီလိုကွ'ဟု စကားကိုစရင်း ဝဏ္ဏ၏ပခုံးပေါ်သို့ လက်တစ်ဖက်ကိုတင်ကာ တင်ဖက်ဖက်သည်။

"မင်းတို့သိတဲ့အတိုင်းပဲကွာ ငါက ယောကျ်ားလေးလိုပဲ နေတတ်တာ၊ အဲဒါကို မိန်းကလေးလို ဝတ်ဆင်ပြီးနေရတာ စိတ်ကျဉ်းကျပ်တယ်ကွာ၊ ဒီတော့ သူနဲ့ငါ ညှိနှိုင်းဖြစ်တယ်၊ သူ့ကို လည်း ငါချစ်တယ်၊ မခွဲနိုင်ဘူးကွာ၊ ဒီတော့ ငါဖြစ်ချင်တာတွေကို ပြောပြရင်း ညှိဖြစ်တယ်၊ သူကလည်း အခုမြင်ရတဲ့အတိုင်း နုနု လေး ဝတ်ချင်နေတာကြာပြီတဲ့၊ အခုတော့ သူလည်း ပွင့်သွားပြီ"

"ဘာပွင့်သွားတာလဲကွ၊ ဟကောင် ဝဏ္ဏ မင်း. . . ကွာ"

သူပြောချင်လာသမျှ စကားတို့ကို ပြောမထွက်ဘဲ 'မင်း' ဟုသာဆိုရင်း ဘာမှဆက်မဆိုဖြစ်တော့။

"မင်းတို့ချင်း ပြောစရာရှိတာပြောကြလေ၊ ငါဗိုက်ဆာလို့ တစ်ခုခုသွားစားလိုက်ဦးမယ်၊ ဖြူ လိုက်ချင်လိုက်ခဲ့လေ"

သစ်သစ်ဖူးက ဖြူ့ကို မျက်စပစ်ပြရင်း ခေါ်သည်။

"အင်း. . . ဖြူလည်း ဗိုက်ဆာနေတာ၊ မောင် ဖြူ ခဏ လိုက်သွားမယ်နော်"

ဖြူက သူ့ကို ခပ်တိုးတိုးဆိုရင်း ထရပ်သည်။ သစ်သစ်ဖူး က ဖြူ့ပခုံးကို ခပ်ကြွမ်းကြွမ်းလှမ်းဖက်ရင်း သူနှင့်ဝဏ္ဏဘက်ကို လှည့်ကြည့်ကာ 'အေးဆေးပြောကြနော်'ဟု ဆိုသည်။

သူ့စိတ်ထဲမှနေ သစ်သစ်ဖူးကို နားရင်းအုပ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တံခါးပိတ်သွားချိန်မှာတော့ သူ ရှေ့မှာရှိနေသော ဝဏ္ဏကို ဘုကြည့်ကြည့်ဖြစ်သည်။ ဝဏ္ဏက မနေတတ်ဟန်ဖြင့် ရှက်ရွံ့ရွံ့ ပုံလုပ်သည်။

"ဟကောင်. . . မင်းဘာဖြစ်သွားတာလဲကွ၊ ငါ့ကိုပြော စမ်း"

သူ ပက်လက်လှန်ကာ အိပ်နေရင်းက ခပ်ငေါက်ငေါက် မေးဖြစ်သည်။

"ငါက သူ့ကိုချစ်တယ်၊ သူကလည်း ငါ့ကိုချစ်တယ်"

"အင်း. . . ဆက်ပြော"

ခေါင်းကြီးငုံ့ကာ တိုးညှင်းစွာဆိုနေသော သကောင့်သား ကို 'အင်း. . . ဆက်ပြော'ဟု စကားထောက်ဖြစ်သည်။

"သူကလည်း သူနေချင်တဲ့ပုံစံနေတယ်၊ ငါကလည်း ငါနေ ချင်တဲ့ပုံစံနေတယ်၊ အဲဒါပါပဲဟယ်"

"ဘာကွ"

ရုတ်တရက်ကြီး ထအော်သော သူ့အသံကြောင့် 'ဝဏ္ဏ' က 'ပလုပ်တုတ်'ဟု ကန့်လန့်ကလျှလန့်သည်။

"ဘာကိစ္စ အရမ်းအော်တာလဲလို့၊ လန့်လိုက်တာဟယ်"

တကယ့်တကယ်ကြီးကို နွဲ့နေသော ဝဏ္ဏကိုကြည့်ရင်း သူ့ ဒေါသတွေ အလိပ်လိုက်အလိပ်လိုက် ထွက်လာသည်။

"ဟကောင် လန့်တယ်ကွာဆိုလည်း လန့်ဒယ်ကွာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဘာလန့်လိုက်တာပဟယ်လဲ၊ မင်း ယောကျ်ားမဟုတ်ဘူးလား၊ ငါ ဒေါသထွက်ထွက်နဲ့ ထကန်မိတော့မယ်၊ အခု မင်းဘာပုံပေါက်နေတယ်ဆိုတာ ကိုယ့်ကိုယ်ကိုသိရဲ့လား၊ ဆံပင်မှာက ကလစ်နဲ့ မျက်နှာက တရုတ်မသာလို မိတ်ကပ်ကလိမ်းထားသေးတယ်၊ စုဆိုးဝတ်ထားတာကလည်း တင်းတင်းရင်းရင်းမရှိဘူး၊ ပုဆိုးမဟုတ် ထဘီမဟုတ်နဲ့၊ တောက်. . . ငါကွာ”

သူ ဒေါသထွက်ထွက်ဖြင့် စကားကို အော်ပြောဖြစ်သည်။

“ဘယ်လိုဖြစ်နေတာလဲဟယ်၊ နင်ကလည်း ဒေါသကြီးပဲ”

ဝဏ္ဏက မျက်နှာငယ်လေးဖြင့် ခပ်နွဲ့နွဲ့ဆိုသည်။

“မင်း အဲဒီလိုနွဲ့ပြလေ ငါက ပိုဒေါသထွက်လေပဲကွ၊ နားလည်လား၊ မင်းဘယ်လိုပုံစံကြီးဖြစ်သွားရတာလဲ ဝဏ္ဏရာ၊ အရင်ကတည်းက နွဲ့နေတယ်ဆိုရင်လည်းထားတော့၊ မနေ့တစ်နေ့ကမှ ကျားကျားလျားလျားကြီးရှိသေးတယ်၊ ဘာကိစ္စ အခုမှ နွဲ့သွားရတာတုန်း၊ ငါစဉ်းစားလို့ကိုမရဘူးကွာ၊ တကယ်ပါ”

“အချစ်ကြောင့်လို့ ပြောပြီးပြီလေဟယ်”

ဒေါသကြီးနေသော သူ့ကို ဝဏ္ဏက စိတ်မရှည်သံဖြင့် ဖြန်၍ဆိုသည်။ သို့သော် လေသံက မိန်းမကောင်းရန်တွေ့သော လေသံမျိုး။

“ဝဏ္ဏ မင်းအရင်တုန်းက ဒီလိုမျိုးမဟုတ်ပါဘူးကွာ”

ယူကြုံးမရသံဖြင့် သူဆိုဖြစ်သည်။ ဝဏ္ဏကတော့ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



လှည့်ပင်မကြည့်။ သကောင့်သားပုံစံက နောက်နေသည်နှင့်လည်း မတူ၊ တကယ့်ကို စိတ်ပါလက်ပါပုံစံကြီး ဖြစ်ကာနေသည်။

"ဒီလိုလုပ်ကွာ ဝဏ္ဏ၊ မင်း ကောင်မလေးနောက် တစ်ယောက် ခပ်လန်းလန်းလေးကို ထပ်ပြီး ရည်းစားထားလိုက်၊ သစ်သစ်ဖူးကို ဖြတ်ပစ်လိုက်ကွာ၊ အဲဒါဆိုရင် မင်း ခွဲနေစရာမလို တော့ဘူးပေါ့၊ မကောင်းဘူးလား"

"မကောင်းဘူး"

သူ့စကားဆုံးလျှင်ဆုံးချင်းမှာပင် ဝဏ္ဏက 'မကောင်းဘူး' ဟု တုံးတိတိပင်ဆိုသည်။

"ဘာမကောင်းတာလဲကွ၊ ဒီမိန်းမကြောင့် ဒီလိုဖြစ်နေ တာ၊ မင်း ဒီပုံစံကြီးဖြစ်သွားတာ၊ ငါဖြင့် ယုံတောင်မယုံနိုင်ဘူးကွာ၊ တောက် ဒီမိန်းမကြောင့်"

"ဟဲ့. . . ငါ့ရည်းစားကို နင်ပြောစရာမလိုဘူး၊ ငါ့ဘာသာ ငါ ဘယ်လိုနေနေ နင့်အပူမပါဘူး၊ ငါတို့ချင်း အဆင်ပြေရင်ပြီးတာ ပဲ"

"ဟကောင်. . . မင်းပြောလေကဲလေပါလား၊ ငါ့ရှေ့မှာ လာခွဲမနေနဲ့နော်၊ ငါ ထကန်လိုက်ရ မကောင်းရှိတော့မယ်"

သူ ဒေါသထွက်ထွက်ဖြင့် အာခေါင်ခြစ်ကာအော်ပြော သည်။

"ကန်ကြည့်ပါလားဟဲ့. . . ငါ့မှာလည်း ခြေထောက်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ပါးရှစ်စိပ်ကွဲအောင် ပြန်ရိုက်မှာပေါ့၊ ငါ့ကို ဘာမှတ်နေလဲ"

သူ့အော်သံအဆုံးမှာ ဝဏ္ဏက ဘယ်လက်ဖဝါးပေါ် ညာလက်ဖဝါးတင်ကာ ရိုက်ရင်း ကန့်ကလျှပင်ဆိုသည်။

သူ ဝဏ္ဏကို မယုံကြည်စွာပင် မျက်လုံးကြီးပြူးကာ ပါးစပ်ကိုဟပြီး ကြည့်ဖြစ်သည်။ ရန်စကားဆိုပုံကပင် ယောကျ်ား ဆန်မနေ။ 'ပြန်ထိုးမှာပေါ့၊ ပြန်ကန်မှာပေါ့၊ ပြန်ရိုက်မယ်ကွာ' စသည်ဖြင့် ကျားကျားလျားလျားရှိမနေ။ 'ပါးရှစ်စိပ်ကွဲအောင် ပြန်ရိုက်မည်'ဆိုပါလား။

"ဝဏ္ဏ မင်းနောက်နေတာလား ဟကောင်"

သူမယုံကြည်စွာပင် ထပ်မေးဖြစ်သည်။

"နောက်စရာလား၊ နင်ကလည်းဟယ် ငါ့ဘာသာငါ ဒီလို နေချင်လို့နေတာပါဆိုနေမှ၊ စိတ်ညစ်တယ် တကယ်ပဲ"

ဝဏ္ဏက စိတ်ရှုပ်လာဟန်ဖြင့် ခပ်နွဲ့နွဲ့ပင်ဆိုသည်။

"ဝဏ္ဏရာ ငါဖြင့် ယုံတောင်မယုံနိုင်ဘူးကွာ၊ တကယ်ပါ"

သူ သက်ပြင်းချရင်း စိတ်ပျက်လက်ပျက်ပင် ဆိုဖြစ် သည်။ ထိုစဉ်မှာပင် သစ်သစ်ဖူးနှင့် ဖြူတို့နှစ်ယောက် ပြန်ရောက် လာကြသည်။

"ဘယ်လိုလဲ ငါ့ကောင်၊ မင်းဘော်ဒါရဲ့စတိုင် လန်းတယ် ဟုတ်လား၊ ငါက သူ့ရဲ့ ဒီပုံစံလေးကို ချစ်တယ်ကွ"

သစ်သစ်ဖူးက ခပ်ရွင့်ရွင့်ပင် သူ့ကိုလှမ်းပြောရင်း ဝဏ္ဏ

www.burmeseclassic.com

www.burmeseclassic.com



ဓါးဝန်းပေါ် လက်ကို ခပ်ကြောကြော လှမ်း၍တင်သည်။

"အေး. . . ငါကတော့ ဆောင့်ကန်ချင်တယ်"

သူ ဒေါသထွက်စွာပင် ဆိုဖြစ်သည်။

"မင်းကလည်းကွာ နားလည်ပေးလိုက်ပါ၊ အရာရာတိုင်းက ဒီလိုပဲပြောင်းလဲနေတာ မဟုတ်လား၊ မင်းရဲ့ဖြူကတောင် ငါ့လိုပဲ ဆံပင်တိုတိုနဲ့ ပေါ့ပေါ့ပါးပါး နေချင်တယ်တဲ့ကွ"

သစ်သစ်ဖူး၏ အဆိုကြောင့် သူ ဖြူ့ကို အလန့်တကြားကြည့်ဖြစ်သည်။ သူနှင့် မျက်နှာချင်းဆိုင်ရဲဟန်မတူသော ဖြူက တစ်ဖက်နံရံကို အကြည့်လွှဲကာထားသည်။

"ကဲ ကဲ ငါတို့ Go လိုက်ဦးမယ်၊ ဖြူ သွားပြီနော်၊ ဘာကိစ္စပဲ အကူအညီလိုလို ကိုယ့်ကို ဖုန်းဆက်လိုက်နော်"

သစ်သစ်ဖူးက ဖြူ့ကို မျက်စိတစ်ဖက်လှမ်းမှိတ်ပြရင်း အဓိပ္ပာယ်မရှင်းသော စကားကိုဆိုသည်။

ပြီး ဝဏ္ဏကို ခပ်သွက်သွက်ပင် လှမ်းဖက်ရင်း အခန်းထဲမှ ထွက်ကာသွားသည်။

'ကမ္ဘာကြီး ဘာတွေဖြစ်ကုန်ပါလိမ့်' ဟု တွေးရင်း သူခေါင်းတွေ မူးနောက်ကာလာသည်မို့ မျက်လုံးကို မှိတ်ကာထားဖြစ်သည်။

~ ~ ~



www.burmeseclassic.com

www.burmeseclassic.com



Rumour is not always wrong.

ကောလဟာလသည် အမြဲတမ်းတော့ မမှား။

Tacitus

~ ~ ~

www.burmeseclassic.com

www.burmeseclassic.com



"ငါ မင်္ဂလာမဆောင်ခင်ကတည်းက ဝဏ္ဏအကြောင်းကို ကြားကြားနေတာ၊ စကားမစပ်မိလို့ မပြောဖြစ်တာပဲရှိတယ်၊ ငါပြန်ကြားတာက ဒီကောင်စကားပြောရင် နွဲ့နွဲ့နေတယ်တဲ့၊ ငါလည်း ကောလဟာလပဲထင်တာပေါ့၊ မင်းတို့ငါတို့က ငယ်ငယ်လေးကတည်းက အတူနေ အတူစား အတူအိပ်နေတာပဲကွ၊ ဘယ်တုန်းကမှ ဒီကောင် မနွဲ့ဖူးဘူး၊ ကျားစစ်စစ်ကြီးလေ၊ မင်းလည်းသိနေတာပဲ"

"အေး. . . ငါက မျက်ဝါးထင်ထင်ကြီး မြင်ရတာကွ၊ အရှင်လတ်လတ်ကြီးမြင်ရတာ၊ တကယ်ကွာ ငါ ဒီကောင့်ကို

www.burmeseclassic.com

www.burmeseclassic.com



ထမကန်မိအောင် အတော်ကြိုး စိတ်ထိန်းထားရတယ်၊ မနေ့ကပဲ လာပြီးပြန်သွားတယ်၊ သစ်သစ်ဖူးကလည်း တကယ့်ကို ယောကျ်ား တစ်ယောက်လိုပဲကွာ၊ ဘာတွေဖြစ်ကုန်မှန်းကိုမသိဘူး"

သူ့စကားအဆုံးမှာ မိုးအောင်က သက်ပြင်းကိုချသည်။

"အေး. . . Tacitus ရဲ့ စကားက မှန်နေပြီပေါ့၊ ကောလ ဟာလဆိုတာ အမြဲတမ်းမမှားဘူးတဲ့၊ အခုလည်း ငါကြားတာမှန် နေပြီပေါ့"

မိုးအောင်က ခေါင်းကို တဖြင်းဖြင်းကုတ်ရင်းဆိုသည်။

"ငါတို့ ဒီကောင့်ကို ဘယ်လိုလုပ်ကြမလဲ"

"ဘာကိုလဲကွ၊ မင်းစကားက"

သူ့စကားကို မိုးအောင်က ဘာလဲကွဟု ဆိုသည်။

"ဒီလိုလေကွာ. . . ဒီကောင် အရင်ကလိုပဲ ကျားကျား လျားလျား ပြန်ဖြစ်လာအောင် ဘယ်လိုပြန်ကြိုးစားကြမလဲလို့ ပြောတာ"

သူ အားမလိုအားမရပင် ဆိုဖြစ်သည်။

"အေးကွာ. . . ငါက မိန်းမရခါစဆိုတော့ ချစ်စခင်စ ဖြင်နှာစဆိုပြီး မိန်းမဘေးနားမှာနေရမှာ၊ ဒီပုံစံအတိုင်းဆိုရင် ဒီကောင့်ကို အချိန်ပေးရမယ့်သဘောဖြစ်နေပြီ၊ ဟူး"

မိုးအောင်က လေပူကို တစ်ချက်မှုတ်ထုတ်ရင်း ဆိုသည်။

"ငါလည်း ဆေးရုံက အမြန်ဆင်းရမှာဖြစ်မယ်၊ ဒီကောင့်ကို

www.burmeseclassic.com

www.burmeseclassic.com

မြရင်နိုင်

ဖိဖိစီးစီး ပြန်စည်းရုံးရမယ်"

"အဲဒါတာ အသာထားဦး၊ မင်းက ဝက္ကာကို ကျားစိတ်ပြန်ဝင်အောင်လုပ်နေတာက ကိစ္စမရှိဘူး၊ မင်းရဲ့ဖြူကို သစ်သစ်ဖူးနဲ့ ခဏခဏတွေ့နေတယ်နော်၊ ကြည့်လည်းလုပ်ဦး တော်ကြာနေ တို့တာအရင်ဆုံး မင်းရဲ့ဖြူကို ကျားစိတ်ဝင်အောင် လုပ်သွားဦးမယ်"

ကြားရသော မိုးအောင်၏စကားကြောင့် သူ ခေါင်းနားပန်းတွေ ကြီးသွားကာ မူးခနဲမိုက်ခနဲပင် ဖြစ်သွားရသည်။

သူဖုန်းကို ကတုန်ကယင်ပင် လှမ်းယူရင်း ဖြူ့ဆီဖုန်းခေါ်ဖြစ်သည်။ ဖုန်းကို သူမက ချက်ချင်းမကိုင်။

သူရင်တွေ ထူပူကာလာသည်။

"ဟဲလို"

ဖုန်းကိုထူးလာသည်က ဖြူ့အသံမဟုတ်။ ,

"ဟဲလို ခုဖုန်းကိုင်တာ ဘယ်သူလဲ"

သူဒေါကန်ကန်ဖြင့် မေးဖြစ်သည်။

"သစ်သစ်ဖူးလေကွာ၊ သယ်ဂျင်း"

သူ့ဖုန်းမှန်းသိနေသည်မို့ တစ်ဖက်မှ ခပ်ရိရိဖြင့် 'သယ်ဂျင်း'ဟု ဆိုသည်။ သူ ဒေါကန်လွန်းသည်မို့ အသားတွေဝင်တုန်ကာလာသည်။

"အခု နင်တို့ဘယ်မှာလဲ မိသစ်"

သူတမင်ပင် သစ်သစ်ဖူးကို 'မိသစ်'ဟု ခေါ်ဖြစ်သည်။

www.burmeseclassic.com



"ဟယောင် သူရ၊ မင်း ငါ့ကို ဘယ်လိုခေါ်လိုက်တာ"

"မိသစ်ရယ်. . . ငါအရင်ကခေါ်သလို မိသစ်လို့ပဲခေါ်လိုက်တာလေ၊ သစ်သစ်ဖူးရယ် နှင့်ကို ငါက မိသစ်လို့မခေါ်ရင် ဘယ်လိုခေါ်ရမှာလဲ၊ အစ်ကိုကြီးသစ်လို့ ခေါ်ရမှာလား၊ လုပ်မနေပါနဲ့ကွာ၊ မိသစ်က မိသစ်ပါပဲကွာ၊ ဟုတ်တယ်မဟုတ်လား၊ ကဲ တဲ ဖြူ့ကို ဖုန်းပေးလိုက်"

သူ တမင်ပင် ခပ်ထေ့ထေ့ဆိုဖြစ်သည်။

"sorry ပဲ သူရရေ၊ ဖြူက ငါ့အိမ်လာလည်ရင်းနဲ့ ဖုန်းကျန်ခဲ့တယ်ကွ၊ သူပြန်လာယူမှပဲ ပေးလို့ဖြစ်မှာ၊ ဒါနဲ့သူရ ဖြူကလေ ဆံပင်ညှပ်ချင်လို့တဲ့ကွ သိလား၊ OK OK နောက်မှပဲ ဖုန်းဆက်လိုက်မယ်ကွာ. . . နော့"

တစ်ဖက်သတ်ကြီးဆိုကာ ဖုန်းချသွားသော သစ်သစ်ဖူးတို့ သူ့ဒေါသထွက်ရင်း ကျန်ခဲ့သည်။ မိုးအောင်က 'ဘယ်လိုလဲ'ဟု ချက်ခုံးပင့်ရင်း မေးသည်။ သူ ခေါင်းကိုခါပြဖြစ်သည်။ ဒေါသထွက်လွန်းနေသည်မို့ မောပန်းစွာ အသက်ရှူနေရသည်။ ဘာစကားမှ မဆိုချင်တော့။

~ ~ ~

www.burmeseclassic.com

www.burmeseclassic.com



Everyman desires to live long, but no man would be old.

လူတိုင်းလူတိုင်းသည် အသက်ရှည်ရှည်နေလိုကြသည်။ သို့သော် ဘယ်သူမှ အသက်မကြီးလိုကြ။

Swift, Jonathan.

~ ~ ~

www.burmeseclassic.com

ဦ ၊ မို ၊ ၀ ၁ ၆ ပ

www.burmeseclassic.com



"မိန်းမတစ်ယောက် ဖြစ်နေရတာကို မကြိုက်ဘူး၊ အသက်ကြီးလာတာကိုလည်း မကြိုက်ဘူး သိလား"

ဖြူ၏စကားကြောင့် သူ သက်ပြင်းကိုချဖြစ်သည်၊ ဆေးရုံမှ ဆင်းလာသောသူ့ကို အိမ်မှာလာကြည့်ရင်း အိမ်ရှေ့ပန်းခြံထဲမှ ထိုင်ခုံမှာထိုင်ကာ သူမဆိုသောစကား။

"ဂျိုနာသန်ဆွစ်ဖ်ရဲ့ စကားက မှန်တယ်နော်၊ လူတိုင်းက အသက်ရှည်ရှည်နေချင်ကြတယ်၊ ဒါပေမယ့် ဘယ်သူမှ အသက်ကြီးချင်ကြဘူးတဲ့၊ ဖြူလည်း အဲဒီလိုဖြစ်နေပြီ"

ဖြူက နောက်ဆက်တွဲစကားကို ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

မြရင့်နှင်း

"ဖြူက အခုမှ ငယ်ငယ်လေးရှိပါသေးတယ်ဖြူရာ၊ ကျမ်းဂန်တွေထဲမှာတော့ မိန်းမတစ်ယောက်ရဲ့ ပညာအရှိဆုံး အတင့်တယ်ဆုံးအရွယ်က အသက် (၅၀)လို့ ဆိုတယ်လေ၊ ဒီတော့ ဖြူက အခုမှ ကလေးသာသာလို့ပဲ သဘောထားပြီး ပေါ့ပေါ့ပါးပါး နေစမ်းပါကွာ"

"ဖြူ နားမရှင်းဘူး"

သူ့စကားကို သူမက ခေါင်းခါရင်း 'နားမရှင်းဘူး'ဟု ဆိုသည်။

"ဒီလိုကွာ. . . မိန်းကလေးတွေရဲ့ အရွယ်ကို ရှေးရှေးက ဒီလိုမျိုး ခွဲခြားကြတယ်။

| | | |
|---|---|---|
| ၁။ | ဒါရိကာအရွယ် | ၇ နှစ် |
| ၂။ | ဂေါရီအရွယ် | ၈ နှစ် |
| ၃။ | ကညာ | ၁၀ နှစ် |
| ၄။ | ကုမ္မာရီ | ၁၁ နှစ် |
| ၅။ | သွေးစုန်း | ၁၃ နှစ် |
| ၆။ | မျက်မည်း | ၁၅ နှစ် |
| ၇။ | မျက်ဝန်း | ၂၀ နှစ် |
| ၈။ | မျက်ညွတ် | ၂၅ နှစ် |
| ၉။ | မြောင်းကူး | ၄၀ နှစ် |

ဆိုပြီးတော့ ခွဲထားတယ်ကွာ။ ဒီတော့ ဖြူ့အသက်က



www.burmeseclassic.com

www.burmeseclassic.com



အခုမှ ၂၀ ကျော်ကျော်ပဲရှိသေးတာဆိုတော့ မျက်ဝန်းဆိုတဲ့အရွယ်နဲ့ မျက်ညွတ်ဆိုတဲ့ အရွယ်ကြားမှာပဲ ရှိသေးတယ်၊ အနောက်နိုင်ငံတွေမှာဆိုရင် အသက်လေးဆယ်မှ ဘဝစတယ်လို့တောင် ဆိုကြသေးတယ်မဟုတ်လား၊ ဒီတော့ ဖြူက ကိုယ့်ကိုယ်ကို အသက်ကြီးပြီလို့ မထင်ပါနဲ့ကွာ၊ ပေါ့ပေါ့ပါးပါးနေပေါ့"

"ဒါပေမယ့်လည်း မိန်းကလေးဖြစ်နေတာကြီးကို မုန်းတယ်၊ မောင်တို့ယောကျ်ားတွေကမှ ဘဝတစ်လျှောက်မှာ ရှင်ပြုလိုက်၊ ရဟန်းခံလိုက်နဲ့ မင်္ဂလာတွေ အများကြီးရှိတယ်၊ ဖြူတို့မိန်းမတွေက မမိုက်ပါဘူး"

ဖြူက သူ့ပခုံးပေါ်မှေးမှီရင်း မသက်မသာရေရွတ်သည်။

"ဖြူ ဗဟုသုတနည်းလို့ပါကွာ၊ မိန်းမတစ်ယောက်မှာ မင်္ဂလာ (၇)ပါးအထိရှိတယ်"

"ဖြူကတော့ နှစ်ပါးပဲကြားဖူးပါတယ်နော်၊ နားသမင်္ဂလာရယ်၊ ထိမ်းမြားမင်္ဂလာရယ်၊ ဒီနှစ်မျိုးပဲ ကြားဖူးတယ်"

သူမက လက်ညှိုးနှစ်ချောင်းထောင်ရင်း ဆိုသည်။

"ဒါဆိုရင် မောင်ပြောပြမယ် သေချာမှတ်ထား၊ မိန်းမတွေမှာ မင်္ဂလာ (၇)ပါးရှိတယ်။

၁။ ဘတ္တမင်္ဂလာ - ထမင်းခွံ့သောမင်္ဂလာ

၂။ ကေသစ္ဆဒနမင်္ဂလာ - ငယ်ဆံပင်ဖြတ်သော မင်္ဂလာ

www.burmeseclassic.com

www.burmeseclassic.com



၃။ တဗ္ဗုလာဘတ္တမင်္ဂလာ - ကွမ်းဖတ်ခွဲခြင်းမင်္ဂလာ

၄။ ရဝိန္ဒုဒသာနမင်္ဂလာ - နေလပြခြင်းမင်္ဂလာ

၅။ ဒေါဠှာကရဏမင်္ဂလာ - ပုခက်တင်မင်္ဂလာ

၆။ ကဏ္ဏဝိဇ္ဈနမင်္ဂလာ - နားသမင်္ဂလာနဲ့

၇။ အာဝါဟဝိဝါဟမင်္ဂလာ - ထိမ်းမြားမင်္ဂလာ

ဆိုပြီးတော့ ခုနစ်မျိုးရှိတယ်။ မမှတ်မိရင် မောင် စာရွက်ကလေးနဲ့ ရေးပေးလိုက်မယ် ဟုတ်ပြီလား၊ မိန်းမဖြစ်ပေမယ့်လည်း မြင့်မြတ်အောင်နေရင် မြင့်မြတ်ပါတယ် ဖြူရာ၊ မိန်းမဖြစ်လို့ဆိုပြီးတော့ 'ဆိုက်ကို'တွေ ဝင်မနေပါနဲ့"

သူ ရှည်လျားစွာပင် ရှင်းပြဖြစ်သည်။

"မောင်က ဗဟုသုတ အရမ်းများတာပဲနော်၊ ဒါဖြင့် မောင်တို့ယောကျ်ားတွေ မယူသင့်တဲ့ မိန်းမဆိုပြီးတော့ ရှေးရှေးကတည်းက သတ်မှတ်ထားတာမျိုး ရှိမှာပေါ့"

"ရှိတာပေါ့ ဖြူရ"

"ဒါဖြင့် ဖြူ့ကိုရှင်းပြ"

သူက ရှင်းပြဟုဆိုရင်း မေးထောက်ကာနေသည်။ သူခေါင်းကိုညိတ်ပြရင်း 'ရှင်းပြမယ်'ဟုဆိုဖြစ်သည်။

"ရှောင်ကြဉ်အပ်သော မိန်းမ (၅)မျိုးရှိတယ် ဖြူရ၊

၁။ အလွန်အဆင်းလှသောမိန်းမ

၂။ လူကြိုက်များသောမိန်းမ



www.burmeseclassic.com

www.burmeseclassic.com



၃။ ကချေသည်မိန်းမ

၄။ ပစ္စည်းအလွန်မက်သောမိန်းမ

၅။ သူတစ်ပါး၏မယားဖြစ်သောမိန်းမ ဆိုပြီးတော့ ပေါ့ကွာ'''

သူ၏စကားအဆုံးမှာ ဖြူက 'ဩော်'ဟု ရေရွတ်ကာ ခေါင်းကို တဆတ်ဆတ်ညိတ်သည်။

"သူတစ်ပါးရဲ့မယား ရှောင်ရမယ်ဆိုတာကတော့ ဘယ်ဘာသာမှာမဆို မသင့်တော်လို့ထားတော့၊ ပစ္စည်းအရမ်းမက်တဲ့ မိန်းမကျတော့လည်း ယောကျ်ားအပေါ်မှာ ပစ္စည်းဥစ္စာမရှိတော့ရင် ပြူစုဖောက်ပြန်တတ်လို့ထားတော့ နောက်သုံးမျိုးကတော့ ရှောင်ကြဉ်ရမယ့်အထဲ ထည့်တာ သိပ်ပြီးသဘာဝမကျသလိုပဲ"

ဖြူက စဉ်းစားကာဆိုရင်း အတွန့်တက်သည်။

"ဒါကတော့ ရှေးလူကြီးတွေက ဖြစ်တတ်လွန်းလို့ ဆိုခဲ့တာဖြစ်မှာပေါ့ ဖြူရဲ့၊ ဥပမာကွာ အလွန်အဆင်းလှတဲ့ မိန်းမတချတော့ အလှဂုဏ်ကို အားကိုးပြီး ယောကျ်ားကို မထေမဲ့မြင်နဲ့ ခရိုမသေနေတတ်တဲ့အကျင့် ရှိနိုင်တာကိုး၊ လူကြိုက်များတဲ့မိန်းမ ချပြန်တော့လည်း သူ့ကို အိမ်ထောင်ပြုချင်တဲ့လူတွေ များတော့ ရတဲ့ယောကျ်ားကို စောစောကလိုပဲ မထေမဲ့မြင်နဲ့နေရင် အိမ်ထောင်ရေး မမြဲနိုင်ဘူး၊ ကချေသည်ဆိုတာကလည်း များသောအားဖြင့် မိတ်ကလည်းများ၊ နှစ်သက်သူကလည်းများပြီး



www.burmeseclassic.com

www.burmeseclassic.com



အများကို ဦးစားပေးနေရတော့ နားလည်မပေးတဲ့ယောကျ်ားနဲ့ တွေ့ရင် အိမ်ထောင်မမြဲနိုင်ဘူးလေကွာ"

"သိပ်သဘာဝမကျပါဘူး၊ ဒါဖြင့် ဖြူတို့မယူသင့်တဲ့ ယောကျ်ားတွေလည်း ရှိမှာပေါ့၊ ဖြူတို့ကို ရှောင်ကြဉ်ရမယ့် မိန်းမ ၅ ယောက်ဆိုရင် မောင်တို့ယောကျ်ားတွေထဲမှာ မယူသင့်တဲ့ ယောကျ်ားက အမျိုးငါးဆယ်လောက်ရှိမယ်ထင်တယ်၊ ယောကျ်ား တွေကမှ သူခိုးကြမ်းပိုးပေါတာ"

ဖြူက ပက်ခနဲပင် မကျေမနပ်ဆိုသည်။

"မောင်ကလည်း ယောကျ်ားတိုင်းကောင်းပါတယ်လို့ မပြောပါဘူး၊ ကောင်းတဲ့ယောကျ်ားတွေကျတော့လည်း အင်မတန် ကောင်းတာပါ၊ ဥပမာပြောရရင် မောင်ကွာ၊ မောင်ဆိုရင် လူဆိုး လည်းမဟုတ်ဘူး၊ သူခိုးကြမ်းပိုးလည်းမဟုတ်ဘူး၊ ဖြူကိုလည်း အရမ်းချစ်ပြီး အရမ်းအလိုလိုက်တယ်ကွာ၊ ကဲ ဖြူ ဘယ်လောက် အရွေးတော်လိုက်သလဲကွာ"

သူ၏ ရွတ်နောက်နောက်စကားကြောင့် ဖြူက ရှက်အမ်း အမ်းရယ်သည်။ ပြီး 'စကားကိုတတ်တယ်'ဟု ရေရွတ်သည်။

"ဖြူကိုလည်း မောင်ရွေးချယ်ခဲ့တာ မှန်တယ်ကွာ၊ ဥပမာ ဖြူက စိတ်သဘောထား နူးညံ့ပြီး မိန်းကလေးလည်းပီသတယ်၊ ဆံပင်ဆိုတာကလည်း ဒီခေတ်ကြီးမှာ အရမ်းရှားနေပြီ၊ အရှည်ကြီး မှ တကယ့်အရှည်ကြီး"

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ဆံနွယ်များကို ကျိုးမနေသော ဘယ်လက်ဖြင့် ကိုင်ရင်း မြတ်နိုးစွာပင် သူဆိုဖြစ်သည်။

"မောင်စိတ်မဆိုးနဲ့နော်၊ ဖြူကလေ အခုတလော ဒီဆံပင်ကို ညှပ်ပစ်ချင်နေပြီသိလား၊ ပေါ့ပေါ့ပါးပါးပဲ နေချင်နေတယ်"

"အာ. . . ဒီဆံပင်တွေကိုတော့ ညှပ်မပစ်ပါနဲ့ကွာ၊ ဖြူ ဒီဆံပင်ကို ဒီလိုအရှည်ကြီးရဖို့ ဘယ်လောက်တောင် ထိန်းသိမ်းခဲ့ရလဲ"

သူ ဖျာဖျာသလဲပင်ဆိုဖြစ်သည်။

"အဲဒါပြောတာပေါ့၊ အရင်တုန်းကတော့ ဒီဆံပင်ကို မြတ်နိုးလွန်းလို့ ထိန်းသိမ်းရတာကို ပင်ပန်းတယ်လို့မထင်ဘူး၊ အခုကျတော့ ဒီဆံပင်ကိုကြည့်ပြီး စိတ်ပင်ပန်းတယ်၊ ထိန်းသိမ်းရတာကိုလည်း အလုပ်ပိုတစ်ခုလို့ မြင်လာတယ်၊ ပြီးတော့ ညှပ်ပစ်လိုက်ရင် ပေါ့ပေါ့ပါးပါးဖြစ်သွားမယ်လို့ပဲ ထင်နေတယ်၊ သစ်သစ်ဖူးလို မျိုးပေါ့"

နားကြားများလွဲလေသလားဟု သူတွေးမိလိုက်သည်။ 'သစ်သစ်ဖူးလိုမျိုး' ဆိုပါလား။

"ဒါနဲ့ ဖြူတို့ မောင် မေးပါဦးမယ်ကွာ၊ အခုတလော ဖြူ သစ်သစ်ဖူးဆိုတဲ့ မိန်းမဆီ သိပ်သွားလွန်းသလိုပဲကွာ၊ ဒီမိန်းမရဲ့ ပုံစံကို မောင်သိပ်မကြိုက်ဘူးကွာ၊ ဖြစ်နိုင်ရင် သူ့ဆီသိပ်မသွားပါနဲ့ ဖြူရာ"



www.burmeseclassic.com

www.burmeseclassic.com

သူ့စကားအဆုံးမှာ ဖြူက သက်ပြင်းကိုချသည်။

"မောင်ပြောရင်လည်း ခံရတော့မှာပဲ၊ ဖြူလေ သစ်သစ်ဖူး တို အရမ်းအားကျတာပဲ၊ ပေါ့ပေါ့ပါးပါးနဲ့ ယောက်ျားတစ်ယောက် လိုပဲ၊ တစ်ခါတလေကျ သူ့လိုပဲ သက်သောင့်သက်သာ နေကြည့် ချင်တယ်"

"မဟုတ်တာ ဖြူရယ်၊ သဘာဝကိုတော့ မလွန်ဆန်ချင်ပါ နဲ့ကွာ၊ မောင်ဆိုလိုတာကကွာ ဖြူက သစ်သစ်ဖူးလိုပဲ ငယ်ငယ် လေးကတည်းက ယောက်ျားလေးလိုနေခဲ့တာဆိုရင်တော့ တစ်မျိုး ပေါ့၊ အခုမှ နွဲ့ချင်းညချင်းကြီး မိန်းကလေးလိုမနေတော့ဘဲ သစ်သစ်ဖူးလို ယောက်ျားစတိုင်နဲ့ နေမယ်ဆိုရင်တော့ သဘာဝ မကျဘူးကွာ သိလား၊ ဖြစ်နိုင်ရင် သူ့ဆီသိပ်မသွားပါနဲ့ဖြူရယ်နော်"

သူ ရင်ပူစွာပင် ဆိုဖြစ်သည်။ သူမကတော့ ခေါင်းမညိတ် ခေါင်းမခါဘဲ အဝေးကိုသာ တွေတွေကြီး ငေးကာနေသည်။

တံငါနားနီးတံငါ ဆိုသောစကားက ရှိသည်မဟုတ်ပါ လား။

~ ~ ~

www.burmeseclassic.com

www.burmeseclassic.com



To marry is to halve your rights and double your duties.

အိမ်ထောင်ပြုခြင်းသည် သင့်အခွင့်အရေးများကို တစ်ဝက်လျော့နည်းသွားစေပြီး တာဝန်များကိုမူ နှစ်ဆတိုးစေ၏။

Schopenhaver, Arthur

~ ~ ~

www.burmeseclassic.com

www.burmeseclassic.com

## မြရင်အိုင်

"အာသာရှိဖန်ဟောရဲ့ စကားက မှန်တယ်ကွာ။ အိမ်ထောင်ပြုလိုက်တဲ့လူတစ်ယောက်က အခွင့်အရေးတွေ တစ်ဝက်ဆုံးရှုံးပြီး တာဝန်ကျတော့ နှစ်ဆတိုးလာတယ်ဆိုတာ ကွာ၊ အခုလည်း အပြင်တစ်ခါထွက်ဖို့အရေးကို သူခိုင်းတာ လုပ်ပေးခဲ့ရသေးတယ်ကွာ၊ ဝတီမှာ အပျိုတုန်းက ငါမသိခဲ့လိုက် တဲ့ ဂျိဂျောင်အကျင့်တွေ အိမ်ထောင်ကျမှ သိလာရတယ်ကွ တောက် ဒါတောင် ဘော်ဒါချင်း ရည်းစားထားပြီးမှရတာ၊ ရည်း ဖြစ်ခဲ့တာချည်းကိုပဲ သုံးနှစ်"

မိုးအောင်က လက်သုံးချောင်းထောင်ရင်း မကျေမချမ်း ဖြင့် ဆိုသည်။

www.burmeseclassic.com



"ဒါတောင် အကြောင်းသိလို့ ပြောလို့ရတဲ့အနေအထား တ ထယူတာနော်၊ အေးကွာ မင်းမပြောနဲ့ ငါ့ရဲ့ဖြူတောင်မှ အခု တလော စိတ်က နှစ်မျိုးဖြစ်နေတယ်၊ အခု ဆံပင်ညှပ်မယ်ပြော လိုက်၊ အခုမညှပ်ဘူးပြောလိုက်နဲ့ အခုတစ်မျိုး တော်ကြာတစ်မျိုး နဲ့ကွာ"

"အေး. . . တော်တော်ကြာ နောက်တစ်မျိုး ထပ်မဖြစ်ပါ စေနဲ့လို့ပဲ ဆုတောင်း၊ ငါကတော့ ဖြူကို ဟို သစ်သစ်ဖူးဆိုတဲ့ ခိန်းမနဲ့ တပူးတွဲတွဲနေတာကို လုံးဝမကြိုက်ဘူး၊ တံငါနားနီးတံငါ၊ မုဆိုးနားနီး မုဆိုးတဲ့ကွ၊ တော်ကြာ သစ်သစ်ဖူးနဲ့နီးလို့ သစ်သစ်ဖူး လို ဖြစ်နေဦးမယ်၊ တော်ကြာ မင်းကိုပါ ဝဏ္ဏလို ကန့်ကလျဇာတ် ထဲ သွင်းထားဦးမယ်"

မိုးအောင်က သူ့ကိုကြည့်ရင်းဆိုသည်။

"ဟ. . . သွင်းတိုင်းခံရအောင် ငါက ဝဏ္ဏမှမဟုတ်တာ၊ ဆိုကောင်ဝဏ္ဏကိုလည်း ဒီအတိုင်း ငါမထားဘူး၊ အရင်ကလို ဖျားကျားလျားလျားပြန်ဖြစ်အောင် လုပ်ရမယ်၊ ဒီတော့ မင်းလည်း ငါ့ကိုကူညီဦး"

"ဘယ်လိုကူညီရမှာလဲကွ"

မိုးအောင်က သူ့ကိုပြန်၍မေးသည်။

"ဒီလိုကွ. . ."

~ ~ ~



www.burmeseclassic.com

www.burmeseclassic.com

## မြနှင့်အိပ်

"ဟကောင်ဝဏ္ဏ ချောင်းသာဘက်ကို နှစ်ညအိပ်လောက် သွားမလို့၊ အဲဒါ ထုံးစံအတိုင်း မင်းရယ် ငါရယ် ဟိုကောင်မိုးအောင် ရယ် သုံးယောက်သွားကြမယ်၊ အဲဒါ မင်း အကျီနှစ်စုံသုံးစုံထည့် ပြီး မနက်ဖြန်ညနေသုံးနာရီလာခဲ့"

"ဟယ် . . . နင်ကလည်း သွားမှာဖြင့် ဝတီတို့လည်းခေါ်ခဲ့ ပေါ့၊ သစ်သစ်နဲ့ ဖြူကိုလည်း ခေါ်ခဲ့မှ ပွဲစည်မှာပေါ့ဟဲ့"

ဝဏ္ဏက ကန့်ကလျပင်ဆိုသည်။

"အေး . . . မင်းကတမျှောင့်၊ မိုးအောင်က လူပျိုလုပ်ချင် လို့ လွတ်လွတ်လပ်လပ်သွားမှာပါဆို၊ နားမလည်ပါးမလည်နဲ့



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ပြောနေပြန်ပြီ"

"ဟယ်. . . ငါကတော့ သူတို့မပါဘဲ နင်တို့နှစ်ယောက်တည်းနဲ့ဆို မသွားဘူး၊ ငါက နင်တို့လို ယောကျ်ားတွေနဲ့ သွားစရာလား၊ မသွားဘူးဟယ်၊ သူတို့မပါရင် မသွားဘူး၊ ဒါပဲ"

ဝဏ္ဏက အကြောက်အကန်ကြီးကို ငြင်းကာနေသည်။ အရေးထဲ မိန်းမပျိုသဖွယ် လုပ်ကာနေသော သကောင့်သားကို သူ့စိတ်ထဲမှနေ အမုန်းကြီးတိကာ သတ်ပစ်ချင်နေသည်။

"ပြီးရောကွာ ပြီးရော၊ သူတို့ကိုပါ မင်းခေါ်လိုက်၊ အကောင် ပင်လယ်ဘက်ရောက်ရင် ကျားကျားလျားလျားပဲ မြင်ချင်တယ်နော်၊ ချောင်းသာမှာ ကန္တာကလျလုပ်နေလို့ကတော့ မင်းကို ရေနှစ်သတ်ခဲ့မယ် ကြားလား"

"ဟဲ့. . . ငါရေကူးတတ်တာ နင်မေ့နေပြီလား၊ ရေမကူးတတ်တာက နင်လေ သူရရဲ့၊ ကြည့်လည်းပြောဦး၊ ရေနှစ်သတ်ချင်းသတ်ရင် ငါက နင့်ကိုသတ်မှာ"

အရေးထဲမှာ သကောင့်သားက သူ့ပျော့ကွက်ကို လာနင်းနေပြန်သည်။ သူဒေါသပိုထွက်ကာလာသည်မို့. . .

"အေး. . . မင်းကိုပြောရတာ လေကုန်တယ်၊ လူအားလုံးအောင် စုလိုက်၊ ပြီးတော့ မနက်ဖြန် အဆင်မပြေရင် ပြေမယ့်ရက်ကို တစ်ခါတည်းညှိလိုက်"

"အေးပါဟယ်. . . ဒါပဲနော်"



www.burmeseclassic.com

www.burmeseclassic.com

## ၇၀ မြရိုးအိုင်

"အေးကွာ. . . အေးကွာ"

သူခေါ်ကာန်စွာပင် ဖုန်းချဖြစ်သည်။ ဝဏ္ဏ. . . ဝဏ္ဏမင်းတွေ့ဦးမယ်ဟု စိတ်မှာ ကြိမ်းဝါးဖြစ်သည်။

~ ~ ~

www.burmeseclassic.com

www.burmeseclassic.com



ချောင်းသာရောက်တော့ မိုးအောင်တို့လင်မယား နှစ်ယောက်က တစ်ခန်းယူသည်။ ထို့ကြောင့် မဖြစ်မနေပင် သစ်သစ်ဖူးနှင့် ဖြူနှင့်ကတစ်ခန်း၊ သူနှင့် ဝဏ္ဏနှင့်ကတစ်ခန်း ယူကြရသည်။

သူနှင့်ဝဏ္ဏ တစ်ခန်းတည်းနေရသည်က ပြဿနာမရှိ။ ဖြူနှင့်သစ်သစ်ဖူးတစ်ခန်းတည်းနေခြင်းကို သူစိတ်မချ။ တံငါနားနီးတံငါ၊ မုဆိုးနားနီး မုဆိုးဟု ဆိုသည်ကိုး။

မပြောကောင်းမဆိုကောင်း ဖြူသာ သစ်သစ်လို ကျားကျားလျားလျားကြီး ဖြစ်သွားပါက ပြဿနာ။

www.burmeseclassic.com

www.burmeseclassic.com

မြရင်းကိုး

အခန်းထဲတွင် ခရီးဆောင်အိတ်များ ချပြီးသည်နှင့် ဝဏ္ဏက ရှက်သလိုလို ရွံ့သလိုလိုဖြင့် သူ့ကို လှမ်းကာကြည့်သည်။

"ဟကောင် ဝဏ္ဏ"

"ဘာလဲ"

သူ၏ ခပ်ဆတ်ဆတ်လှမ်းခေါ်မှုကို ဝဏ္ဏက ခပ်နွဲ့နွဲ့ပင် ဘာလဲဟုထူးသည်။ သူသကောင့်သားကို သိပ်ကြည့်မရတော့။

"ငါရေချိုးမလို့ ငါ့ကို အင်္ကျီလာချွတ်ပေး"

ဘာရယ်ညာရယ်မဟုတ်။ သူ ညာဘက်လက်ကကျိုးနေသည်မို့ အကူအညီတောင်းခြင်းဖြစ်သည်။

"ဟယ် . . . သူရ နင်မယုတ်မာနဲ့နော်၊ ကိုယ့်ဘာသာကိုယ်ချွတ်ပါလား၊ နင့်မှာလက်မပါလို့လား"

ဝဏ္ဏက ခေါင်းကြီးငုံ့ကာ သူ့ကိုယ်သူ တကယ့်မိန်းကလေးတစ်ဦးလို ရှက်သွေးတွေကြွယ်ပြနေသည်။

"ဟကောင် ငါက ဒုက္ခိတလေ၊ အကျိုးလေကွာ၊ လက်ကျိုးနေလို့ အကူအညီတောင်းတာလေကွာ၊ မင်းက ယောကျ်ားချင်းကို ဘာရှက်နေတာလဲကွ၊ အရေးမပါတာတွေ လုပ်မနေနဲ့၊ လာ အခုလာချွတ်ပေး"

သူ ဒေါကန်ကန်ဖြင့် ခုတင်ကို အုန်းခနဲကန်ရင်းဆိုတော့မှ သကောင့်သားက ကြောက်ကြောက်လန့်လန့်ဖြင့် မရဲတရဲထကာလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ရ နင်က ကိုယ်လုံးတောင့်တယ်ဆိုပြီး ငါ့ကို မြူဆွယ်နေတာတော့ မဟုတ်ပါဘူးနော်၊ ငါက ဘာကြီးပဲဖြစ်နေဖြစ်နေ သစ်သစ်ဖူးမှ သစ်သစ်ဖူးပဲ"

ဝဏ္ဏက သူ့မျက်နှာကိုပင် ရဲရဲမကြည့်ဘဲ လျှောက်လာရင်းကဆိုသည်။ သူ ဒေါ်သတွေ အထွတ်အထိပ်ကို ရောက်လာသည်။

"ဒီမှာ ဟကောင်၊ မင်းမို့လို့ ဒီလိုအတွေးမျိုးတွေးတာ၊ ငါပြောလိုက်ရ မကောင်းရှိတော့မယ်၊ တော်ပြီ လုပ်မပေးနဲ့တော့၊ ငါ့ဘာသာငါပဲ မရရအောင် ချတ်တော့မယ်၊ တောက် ဝဏ္ဏနော် မင်း ငါတော်တော်အမြင်ကတ်လာပြီ"

သူ ပြောပြောဆိုဆိုပင် ဒေါသထွက်ထွက်ဖြင့် ကြယ်သီးများကို ဆွဲဖြုတ်ပစ်သည်။ အကျီကို ဒေါသတကြီးဖြင့် ချွတ်နေသော သူ့ကို ဝဏ္ဏက မရဲတရဲ လှမ်းလှမ်းကြည့်သည်။

"သူ့ရ နင်ကလေ ကျောင်းတုန်းကတည်းက အားကစားလိုက်စားတော့ အခုထိ ဘော်ဒီတောင့်တုန်းပဲနော်"

"ဟကောင် လာမကြည့်နဲ့ခွေးကောင်၊ အရင်တုန်းက ယောကျ်ားချင်း မင်းကြည့်တာက ပြဿနာမရှိဘူး၊ အခု ကြည့်တာတို့ ငါမကြိုက်ဘူး၊ သွားကွာ အခန်းထဲမှာကိုမနေနဲ့၊ ငါရေချိုးပြီးမှ တံခါးဖွင့်လိုက်မယ်၊ သွား ထွက်"

သူ ပြောပြောဆိုဆိုပင် သကောင့်သားကို ဆောင့်တွန်း



www.burmeseclassic.com

www.burmeseclassic.com

ဝင်းသည်။

"တဲ့ အဖြင်မှာ ပူတယ် သူရရဲ့"

"ဝူရင်သေတွာ၊ မင်းယောကျ်ားမဟုတ်ဘူးလား၊ ဒီခေသာတ်လေးပူတာကို စာဖွဲ့မနေနဲ့၊ သွားကွာ မြန်မြန်"

သူ သကောင့်သားကို တွန်းထုတ်ရင်း တံခါးကို ဝုန်းခနဲ နေအောင် ပိတ်ဖြစ်သည်။ ပြီး လေပူကို မှုတ်ထုတ်ဖြစ်သည်။

"ဝဏ္ဏတစ်ယောက် ဘယ်လိုဖြစ်သွားပါလိမ့်"ဟု တွေးရင်း မယုံကြည်နိုင်အောင် ဖြစ်ကာနေသည်။ တကယ်တော့ ဝဏ္ဏသည် သစ်သစ်ဖူးမတိုင်ခင်မှာ ရည်းစားချောချောလေးတွေ အများကြီးထားဖူးသည်။ သူတို့ မိုးအောင်တို့အုပ်စုတွင် သကောင့်သား ရည်းစားအများဆုံး။ တစ်နည်းဆိုရသော် ဆရာကြီး။ တကယ့်ကို ကျားစိတ်အပြည့်ရှိသော ကျားကျားလျားလျားကြီးဖြစ်သည်။ အခုတော့လည်း ဘာတွေဖြစ်ကုန်သည်မသိ။ ဟို မိန်းမ သစ်သစ် ဖူးက ဘာဆေးတွေကျွေးကာ ဘာလုပ်လိုက်သည်မသိ။

သူခေါင်းကိုသာ တွင်တွင်ယမ်းမိသည်။

~ ~ ~

www.burmeseclassic.com

www.burmeseclassic.com



Nothing is more precious than independence and freedom.

လွတ်လပ်ခြင်းနှင့် အချုပ်အနှောင်ကင်းလွတ်ရခြင်းလောက် တန်ဖိုးကြီးမားသည့်အရာသည် မရှိ။

Ho Chi Min

~ ~ ~

www.burmeseclassic.com

www.burmeseclassic.com



"တောက် မြင်သာမြင်ရ မကြင်ရ၊ ဖောင်စီးရင်းရေငတ် ဆိုတာ ဒါကိုပြောတာနဲ့တူတယ်"

အုန်းလက်ထီးအောက်မှ ထိုင်ခုံမှာမှီရင်း သူ မကျေမချမ်း ရေရွတ်ဖြစ်သည်။ မိုးအောင်က ပင်လယ်ကမ်းစပ်မှာ ပြေးနေကြသော ဝတီ၊ သစ်သစ်ဖူးနှင့် ဖြူတို့သုံးယောက်ကိုကြည့်ရင်း ဘာကို သဘောပေါက်သည်မသိ မချိုမချဉ်ပြုံးသည်။ ခေါင်းကို တဆတ် ဆတ်ညိတ်သည်။

"ဘာလဲ လုက်ကျိုးနေတော့ သဲသောင်ပြင်မှာ မင်းရဲ့ဖြူ လက်ကိုတွဲပြီး ခာတ်ရှင်တွေထဲကလို မပြေးရလို့လား၊ သစ်သစ်ဖူး

www.burmeseclassic.com



နဲ့ပဲ ပြေးပါစေကွာ"

မိုးအောင်၏စကားအဆုံးမှာ ဝဏ္ဏက 'နင်တို့နေ၁်'ဟု ကန့်ကွတ်ဆိုသည်။ 'ဟကောင် မင်းပါးစပ်ပိတ်ထား' မိုးအောင်က ရွဲ့နေသော ဝဏ္ဏကိုလှည့်ကာ လက်ညှိုးထိုးရင်းဆိုသည်။

"ငါဆိုလိုချင်တာကကွာ မျက်စိရှေ့မှာ ပင်လယ်ကြီးမြင်နေရပါလျက်နဲ့ လက်ကပတ်တီးနဲ့ဆိုတော့ ပင်လယ်ထဲ မဆင်းရတာကို ပြောတာပါကွာ။ အခန်းထဲမှာ ရေချိုးရတာတောင် မလွတ်မလပ်ကြီး။ လက်ကိုကြိုးနဲ့ ချုပ်ထားသလိုမျိုး ခံစားနေရတယ်။ အဲ့ဒါကို ပြောတာ"

"မသိပါဘူးကွာ၊ ငါက ဟတ္ထာကိုပြောတာလားလို့"

ပြောရင်း မိုးအောင်က ရယ်သည်။ ဝဏ္ဏက ယောကျ်ားကြီးတန်မဲ့ မျက်စောင်းလှမ်းထိုးသည်။ ၎င်းကို လက်သီးပြလိုက်တော့မှ တစ်ဖက်သို့ လှည့်ကာသွားသည်။

"ကျန်းမာခြင်းရဲ့တန်ဖိုးကို မကျန်းမမာဖြစ်တော့မှ နားလည်သလိုမျိုး လက်ကောင်းခြင်းရဲ့တန်ဖိုးကို လက်ကျိုးမှသိတော့တယ်၊ တကယ်ပါကွာ လွတ်လပ်မှု အချုပ်အနှောင်ကင်းမှုထက် တန်ဖိုးရှိတာ ဘာမှမရှိဘူး၊ ဒီပတ်တီးကြီးကို ဖြေချင်နေပြီကွာ"

သူစိတ်ပျက်လက်ပျက်ပင် ဆိုဖြစ်သည်။

"ဒါကြောင့် ဟိုချီမင်း (Ho Chi Min)က ပြောတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

## ၁၉ မြရှင်အိုင်

လွတ်လပ်ခြင်းနဲ့ အချုပ်အနှောင်ကင်းလွတ်ရခြင်းထက် တန်ဖိုးကြီးမားတာမရှိဘူးတဲ့ကွ၊ ဒီခရီးစဉ်မှာ မင်းတို့မပါဘဲ ဝတီနဲ့ငါ နှစ်ယောက်တည်းဆိုရင် ဘယ်လောက်လွတ်လပ်ပြီး အချုပ်အနှောင်ကင်းလိမ့်မလဲ"

မိုးအောင်က ပင်လယ်ပြင်ကြီးကိုကြည့်ရင်း ရေရွတ်သည်။

"မင်းရဲ့ အရေးမပါတဲ့ အဖြစ်အပျက်ကို ဟိုချီမင်းရဲ့စကားနဲ့ဆွဲပြီး မဆက်စပ်စမ်းပါနဲ့ကွာ၊ မတန်မရာနဲ့"

"ဟုတ်ပ. . . သူ့ရရယ်၊ အဲဒီအကောင်ကို ပြောပစ်လိုက်စမ်းပါ"

"ဟကောင်. . . မင်းပါးစပ်ပိတ်ထား"

သူ့စကားကို လိုက်ထောက်ခံနေသော ဝဏ္ဏကို မိုးအောင်က လှည့်၍ငေါက်သည်။ ပြီး ဝဏ္ဏဘက်ကို လှည့်ကာထိုင်သည်။

"မင်း ငါတို့နဲ့ တစ်ဝိုင်းထဲဝင်ပြီး စကားပြောချင်တယ်ဆိုရင် အရင်ကလို ကျားကျားလျားလျားလေသံနဲ့ပြော၊ အခုလို ကန့်ကလန့်ပြောမှာဆိုရင် ဝင်မပြောနဲ့၊ ငါပါးပိတ်တီးလိုက်ရ မကောင်းရှိတော့မယ်"

"ဟဲ့. . . ငါပြောတတ်သလို ပြောတာလေဟယ်"

မိုးအောင်၏စကားမှ မဆုံးသေး ဝဏ္ဏက မိန်းမကောင်းရန်တွေ့ဟန်ဖြင့် ခါးတွင် လက်ကောက်ဝတ်ဖြင့်ထောက်ရင်းနွဲ့တဲ့တဲ့ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . . ငါပြောတတ်သလိုလဲ၊ မင်းအစောကြီးစာတည်းက ငါတို့စပေါင်းစကတည်းက နွဲ့နေတာဆိုရင် ငါတို့က မပြောဘူး၊ မင်းဟာက အခုမှ အဲဒီသစ်သစ်ဖူးဆိုတဲ့ အရှူးမနဲ့တွေ့မှ အလိုင်းကြီးနွဲ့နေလို့ပြောတာ၊ ပြီးတော့ မင်းရဲ့သစ်သစ်ဖူးကိုလည်း ငါတို့ကြည့်မရဘူး၊ မင်းမကျေနပ်ချင်နေ"

သူ၏စကားအဆုံးမှာ သကောင့်သား ဝဏ္ဏက ခြေကိုဆောင့်ကာထွက်သွားသည်။ သူနှင့်မိုးအောင် တစ်ယောက်မျက်နှာတို တစ်ယောက် ကြည့်ဖြစ်ကြသည်။ ပြီး ပြိုင်တူသက်ပြင်းချဖြစ်သည်။

ဝဏ္ဏကတော့ လိမ်ကျစ်လိမ်ကျစ်ဖြင့် တစ်ကိုယ်လုံးခါကာ အိုတာဖြစ်နေသောစတိုင်ဖြင့် ထွက်သွားပြီဖြစ်သည်။

~ ~ ~

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . သူရ"

ခုတင်ပေါ်တွင် လျော့တိလျော့ရဲထိုင်နေသော သူ့ကို သူရဟု ဝဏ္ဏက ကန့်ကွကလျှခေါ်သည်။

"ဟကောင် ဝဏ္ဏ 'ငါ့ကို အရင်ခေါ်နေကျအတိုင်း တင်းတင်းရင်းရင်း ခေါ်စမ်းပါကွာ၊ ဘာ 'ဟဲ့ သူရ'လဲ မင်းကမိန်းမလား"

သူ၏ခပ်ငေါက်ငေါက်အဆိုကြောင့် ဝဏ္ဏက ယောကျ်ားကြီးတန်မဲ့ သူ့ကို မျက်စောင်းထိုးသည်။

"ယောကျ်ားလုပ်ပြီး မျက်စောင်းထိုးစရာလားကွ၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ကရာနဲ့ ကောက်ထုလိုက်တော့မယ် ခွေးကောင်"

ပါးစပ်မှရေရွတ်ရင်း လက်သီးဆုပ်ပြဖြစ်သည်။

"လူကို အရမ်းနိုင်တာပဲ၊ ငါက နင့်ရဲ့ဖြူအကြောင်း ပြောပြ မလို့လုပ်ထားတာ၊ မပြောပြတော့ဘူးဟယ်"

ဝဏ္ဏက ခပ်နွဲ့နွဲ့ပင် စိတ်ဆိုးတော်မူသည်။

"ငါ့ရဲ့ဖြူက ဘာဖြစ်နေလို့လဲကွ"

"ဆံပင်ညှပ်ပြီးတော့ သစ်သစ်ဖူးလိုပဲ ပေါ့ပေါ့ပါးပါးနေချင် တယ်လို့ ခဏခဏ ရင်ဖွင့်နေတယ်တဲ့၊ ကြည့်ရတာ မုဆိုးနားနီး မုဆိုး ဖြစ်တော့မယ်နဲ့တူတယ်"

"ဟ. . . ဖြစ်စရာလားကွ"

"ဖြစ်မှသေချာတယ်၊ ငါကတော့ ဝမ်း. . . သာ. . . တယ်"

သကောင့်သားက လက်ခုပ်တီးရင်း 'ဝမ်း. . . သာ. . . တယ်'ဟု ခပ်ချွဲချွဲ ခပ်ဆွဲဆွဲဆိုသည်။

"ဘာဝမ်းသာစရာရှိလဲကွ၊ ငါ့ကောင်မလေးက မင်းရဲ့ သစ်သစ်ဖူးလို ဟိုမရောက် ဒီမရောက်ဖြစ်သွားစရာအကြောင်းကို မရှိတာ"

"ရှိခဲ့ရင်ကောဟယ်"

"မရှိဘူးကွာ၊ ဟကောင် ငါတင်းလာပြီနော်၊ မင်းဆက် ပြောရဲပြောကြည့်၊ ငါ မင်းကို ဆွဲထိုးပစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com

### မြရှင်ကိုင်

"မကြာမီလာမည် မျှော်"

သကောင့်သားက ပြောဖြစ်အောင်ပြောပြီး စောင်ကို မျက်နှာထိ ဆွဲအုပ်ကာသွားသည်။ ထိုစဉ်မှာပင် တံခါးခေါက်သံနှင့်အတူ မိုးအောင်ဝင်ချလာသည်။ သကောင့်သားပုံက တကယ့်ကို ပြူးပြူးပြာပြာကြီး ဖြစ်နေသည်။

"ဟကောင် သူရ"

"ဘာလဲကွ အလန့်တကြားနဲ့"

"မင်း. . . မင်း"

အရေးထဲမှာ သကောင့်သားက မောနေသေးသည်။ အတန်ကြာမှ အခန်းအပြင်ဘက်ကို လက်ညှိုးထိုးကာ. . .

"မင်းရဲ့ဖြူလေ ဂျင်းဘောင်းဘီတွေ ဘာတွေဝတ်လို့ ကမ်းခြေမှာ သစ်သစ်ဖူးနဲ့ လမ်းလျှောက်နေတယ်"

ဟု အမောဆိုက်နေရင်းက ဆိုသည်။ ဝုန်းခနဲ ခုတင်ပေါ် မှဆင်းကာ ဝရန်တာကို သူထွက်ဖြစ်သည်။

မြင်လိုက်ရသော မြင်ကွင်းကြောင့် သူ ပါးစပ်များ သည်အထိ အံ့သြသွားရသည်။ ဖြူ တစ်သက်လုံး ထဘီများ၊ စ ရှည်များ စသည်ဖြင့် မိန်းမဆန်သော အဝတ်အစားများကို ဝတ်စားလေ့ရှိသော ဖြူ အခုတော့လည်း ဂျင်းဘောင်းဘီနှင့် ကာ ကမ်းခြေတွင် ကျားကျားလျားလျားကြီး လမ်းလာ နေသည်။ ဘေးမှာက သစ်သစ်ဖူး။

"ဟယ်. . . ဖြူက ဘောင်းဘီဝတ်တာ မမြင်ဖူးလို့

www.burmeseclassic.com



မသိဘူး၊ လန်းလိုက်တာဟာယ် ကြည့်စမ်း ကြည့်စမ်း"

ဘေးမှာ ရုတ်တရက်ကြီးရောက်လာကာဆိုသော ဝဏ္ဏ၏ အသံကြောင့် သူ့ဒေါသတွေ အထွတ်အထိပ်သို့ ရောက်ကာသွားသည်။

"ဟာ. . . အရေးထဲမှာ ကဲကွာ"

ဘေးမှာ ကန္တကလျှဖြင့် လက်ခုပ်လက်ဝါးတီးကာ ဝမ်းသာအားရ ကျူးရင့်နေသော သကောင့်သား ဝဏ္ဏကို 'ဖြောင်း'ခနဲ နေအောင် ကန်ဖြစ်သည်။ သကောင့်သားမျက်နှာကြီး ရှုံ့မဲ့ကာသွားသည်။

"အမလေး တကယ်ကန်တယ်တော့"

နှုတ်မှလည်း ခပ်နွဲ့နွဲ့ပင် ရေရွတ်သည်။

"ကန်ရုံတင်မကဘူး သတ်ကိုသတ်ပစ်ချင်နေတာ၊ မင်းကိုရော မင်းရဲ့သစ်သစ်ဖူးကိုရော တစ်တွဲလုံးသတ်ချင်နေတာကွ"

သူ ဒေါကန်ကန်ဖြင့် အော်ဖြစ်သည်။

"တံငါနားနီးတံငါ ဖြစ်သွားရင်တော့ ဒုက္ခပဲသူရရေ့ မိးဆိုသာ မလောင်ခင်ကတားရတယ်ကွနော်"

မိုးအောင်၏စကားက ပူလောင်ကာနေသော သူ့ရင်ကို ခြေထူပူသွားစေသည်။ ဝဏ္ဏကို သူလှမ်းကြည့်တော့ ဆရာသမား က လက်ခုပ်ကို တဖတ်ဖတ်တီးပြသည်။ သူဘာရယ်မဟုတ် 'ဘောက်'ကိုခေါက်ဖြစ်သည်။

"ဆံပင်ကိုသာ ခပ်တိုတိုညှပ်လိုက်ရင် ဖြူ အရမ်းလန်း



www.burmeseclassic.com

www.burmeseclassic.com



သွားမှာပဲ”

သူ့ကို မကြားကြားအောင် ဝဏ္ဏက အော်၍ဆိုသည်။ သူ ဒေါကန်ကန်ဖြင့် လှမ်းကြည့်သောအခါ သကောင့်သားက ‘လျှာ’ ထုတ်ပြရင်း ကန့်ကလျှဖြင့် ဝရန်တာမှ ဆင်းကာသွားသည်။

“ဖြူ့ကို ဆံပင်ညှပ်ပစ်ဖို့ သွားတိုက်တွန်းလိုက်ဦးမယ်ဟေ့”

သကောင့်သားက သူ့ဘက်လှည့်ကာ မကြားကြားအောင် အော်သွားလိုက်သေးသည်။ ‘ဟကောင် မင်းသေမယ်၊ ပြန်လာရဲ ပြန်လာကြည့်’ သူ စိတ်တိုတိုနှင့် လှမ်း၍ ကြိမ်းဝါးဖြစ်သည်။

“ဟကောင် သူ့ရ ငါပြောပြီးပြီနော်၊ ကုသခြင်းထက် ကာကွယ်ခြင်းက ပိုထိရောက်တယ်ကွ၊ ဖြစ်နိုင်ရင် ဒီအတွဲနဲ့သိပ် မပေါင်းခိုင်းနဲ့၊ သစ်သစ်ဖူးကိုကြည့်ရတာ ဖြူ့ကို ပုံစံသွင်းနေသလို ပဲ၊ သိပ်အထာမကျဘူး”

မိုးအောင်က သူ့ပခုံးကို ပုတ်ရင်းဆိုသည်။

“ပြီးတော့ ဝဏ္ဏကလည်း မင်းကို သူ့ပုံစံဖြစ်အောင် ဇာတ်သွင်းထားဦးမယ်နော်၊ ကြည့်လည်းလုပ်ဦး”

“ဟ. . . သူသွင်းတိုင်းခံရအောင် ငါက ငပေါ်မှမဟုတ်တဲ့ တာ၊ ဒီကောင့်ကိုသာ ကျားကျားလျားလျားပြန်ဖြစ်အောင် ငါလုပ်ပြမယ်”

သူ ဒေါကန်ကန်ဖြင့် ဆိုဖြစ်သည်။ မိုးအောင်ကတော့ ‘အေးပါကွာ’ဟုဆိုရင်း တဟားဟားရယ်သည်။

~ ~ ~



www.burmeseclassic.com

www.burmeseclassic.com



ချောင်းသာမှ ရန်ကုန်ပြန်ရောက်သည်မှာ နှစ်ရက်ရှိပြီ ဖြစ်သော်လည်း ဖြူ့ သူ့ဆီ ဖုန်းမဆက်။ သူဆက်တော့လည်းမကိုင်။

ဖုန်းအဆက်အသွယ်မရှိဘဲ တစ်ရက်မှ မနေဖူးသည်မို့ သူ နေမရထိုင်မရဖြစ်ကာလာသည်။ မရိုးမရွကြီး ဖြစ်လာသည်။ Message တွေပို့ခဲ့သည်ကလည်း အစောင်တစ်ရာပင်မကတော့။ ဖြူ့ဆီကတော့ တစ်စောင်မှပြန်မလာ။

မိုးအောင်ကို ဖုန်းလှမ်းဆက်တော့ သကောင့်သားက အစည်းအဝေးလုပ်ကာနေသည်။ လက်ကျိုးထားသည်မို့ ကား ကိုယ်တိုင်မောင်း၍မရ။ အိမ်မှာကလည်း မောင်းပို့မယ့်သူမရှိ။ ဝဏ္ဏကို လှမ်းခေါ်ရအောင်ကလည်း သကောင့်သားမျက်နှာကို သူမမြင်

www.burmeseclassic.com



ချင်။ ဖြူ့အိမ်ကိုတော့ သူသွားကိုသွားမှဖြစ်မည်။

Taxi ဖြင့်သာ သွားရန်ဆုံးဖြတ်ကာ ဖုန်းနှင့်ပိုက်ဆံအိတ်ကို ယူကာ သူထထွက်ခဲ့ဖြစ်သည်။ ကံဆိုးချင်တော့ ခြံဝသို့ သူရောက်ချိန်မှာ ဝဏ္ဏ၏ကားက ဆိုက်ချလာသည်။

"လာ. . . တက်"

"ဘယ်သွားမှာလဲ"

သူလေသံမာမာဖြင့် မေးဖြစ်သည်။

"နင့်ကိုငါ ကိုက်မစားပါဘူးဟယ်၊ သူရရယ် တက်မှာသာ တက်စမ်းပါ၊ နင် ဖြူ့အိမ်ကိုသွားမလို့ မဟုတ်လား"

ဝဏ္ဏ၏ ကန့်ကလန့် ရိသဲ့သဲ့စကားကို ဘာမှပြန်ပြောမနေတော့ဘဲ နောက်ခန်းတံခါးကို ဖွင့်ကာဝင်ထိုင်ဖြစ်သည်။

ပြီး မျက်လုံးကိုစုံမှိတ်ကာထားဖြစ်သည်။ ကားမမောင်းသေးသည်မို့ သူ မျက်လုံးကို ပြန်ဖွင့်ကာ ဝဏ္ဏကိုကြည့်ဖြစ်သည်။

"မောင်းလေကွာ"

ကြောင်တောင်တောင် ကြည့်ကာနေသော သကောင့်သားကို 'မောင်းလေကွာ'ဟု ခပ်ငေါက်ငေါက်ဆိုဖြစ်သည်။

"ဟဲ့. . . နင်ကမောင်းဆိုတိုင်း ငါကမောင်းရအောင် ငါက နင့်ဒရိုင်ဘာမဟုတ်ဘူး၊ လာ ရှေ့မှာလာထိုင်၊ နောက်ခန်းမှာ နင်က မိန့်မိန့်ကြီးထိုင်ပြီး လိုက်လာရင် တွေ့တဲ့လူတွေက ငါ့ကို နင့်ဒရိုင်ဘာလို့ထင်သွားမှာပေါ့၊ လာမကြောနဲ့နော်၊ ငါက အဲဒီလို အကြောခံတဲ့လူမဟုတ်ဘူး၊ လာ ရှေ့ခန်းကို"



www.burmeseclassic.com

www.burmeseclassic.com



အထအနကောက်ကာ ဂျိကျနေသော ဝဏ္ဏကို ဘာမှ ပြန်ပြောချင်စိတ်မရှိတော့သည်မို့ သူ ရှေ့ခန်းကို ပြောင်းထိုင်ဖြစ်သည်။ တကယ်တော့ ရှေ့ခန်းမှာထိုင်လျှင် သကောင့်သားနှင့် စကားပြောနေရမည်စိုး၍ တမင်နောက်ခန်းမှာထိုင်ခြင်းဖြစ်သည်။

"ခုလေ ဖြူက နင့်ကိုဝင်ခေါ်ခဲ့ဆိုလို့ ဝင်ခေါ်ပေးတာ၊ ဖြူ အိမ်မှာ ဖြူတို့အဖွားဆုံးတာ သုံးနှစ်ပြည့် ဆွမ်းကပ်တယ်လေ"

"ဪ"

သူ စကားသိပ်မပြောချင်သည်မို့ 'ဪ'ဟု တစ်လုံးတည်း ဆိုဖြစ်သည်။ သူမက ဘာအဆက်အသွယ်မှ မလုပ်ပါဘဲ နေနေခဲ့သော်လည်း သူ့ဘက်က မနေနိုင်ခဲ့။

"ဖြူက ဆွမ်းကပ်ပြီးသွားရင် Shopping သွားမလို့တဲ့"

"...."

သူဘာမှပြန်မပြောဘဲ 'ဟုတ်လား'ဟူသော သဘောဖြင့် ခေါင်းညိတ်ပြဖြစ်သည်။ ဘာမှပြောချင်စိတ်လည်း မရှိ။

"ငါလာခေါ်မယ်ဆိုတာ ဖြူက ဖုန်းကြိုဆက်ထားတာ လား"

မသိ၍မေးသည်ပဲလား။ တမင်ရွဲ့ကာမေးသည်ပဲလား တော့မသိ။ ဘာကြောင့်မေးမေး ဝဏ္ဏ၏မေးခွန်းက သူ့ရင်တို နင့်ခနဲဖြစ်သွားစေသည်ကတော့ အမှန်ပဲဖြစ်သည်။

သူတမင်ပင် မကြားချင်ယောင်ဆောင်နေဖြစ်သည်။

~ ~ ~



www.burmeseclassic.com

www.burmeseclassic.com

အိမ်အဝင်ဝမှနေ ဖြူက ဆီးရှိုကြိုသည်။

"လာ. . . လေ မောင်"

ဖြူ၏လေသံက ဝတ်ကျေတန်းကျေဆန်ကာနေသည်။

"ဖြူ ဘာဖြစ်လို့ ဖုန်းမကိုင်တာလဲ"

"ဪ. . . ဖြူ ဖုန်းပျက်နေတယ်မောင်ရဲ့"

"ဒါဆိုရင်လည်း အိမ်ဖုန်းနဲ့ဖြစ်ဖြစ် မောင့်ဆီဆက်သွယ်ရမှာပေါ့၊ မောင့်ကို ဖြူက အိမ်ဖုန်းကို မဆက်နဲ့လို့သာ ပြောမထားရင် မောင်ဆက်မိမှာသေချာတယ်၊ ဖြူ အရမ်းနေနိုင်တယ်ကွာ"

သူ စိတ်ပျက်လက်ပျက်ပင် ဆိုဖြစ်သည်။

www.burmeseclassic.com

ဦး၊ မုံ၊ ၁၁၆၀

www.burmeseclassic.com



"ဖြူလည်း ဆက်ချင်တာပေါ့မောင်ရယ်၊ အိမ်ကဖုန်းဘေ့တ Extention ဆွဲထားတာ အများကြီးပဲ၊ အဲဒါကြောင့်ပါ မောင်ရဲ့၊ ဖြူက မောင့်ဆီဆက်တုန်း သူများတွေ ကြားသွားမှာစိုးလို့ပါမောင်ရယ်၊ ပြီးတော့ အဖွားရဲ့ နှစ်ပတ်လည်ဆွမ်းကပ်တာလည်းရှိနေလို့ တစ်အိမ်လုံး အလုပ်ရှုပ်နေကြတယ်လေ၊ Sorry ပါမောင်ရယ်၊ နော်. . . နော် လို့"

ချစ်သူက သူ့ပခုံးကိုလှုပ်ကာ မျက်နှာငယ်လေးနှင့် တောင်းပန်သောအခါ သူ အလိုလို အရည်ပျော်ကာသွားသည်။

"မောင့်ကို ချော့တဲ့အနေနဲ့ ခဏနေ Shopping သွားရင် အကျႌဝယ်ပေးမယ်ကွာ၊ နော်. . . နော် လို့"

"ရပါတယ်၊ မောင့်ကိုချော့ရအောင် မောင်က ဖြူ့ကို စိတ်ဆိုးနေတာမှမဟုတ်တာကွာ၊ စိတ်မကောင်းပဲ ဖြစ်မိတာပါ"

"အဲဒါကြောင့် မောင့်ကို ဖြူက အရမ်းချစ်နေရတာ"

နောက်ဆုံးတော့လည်း သူမ၏စကားတစ်ခွန်းဖြင့် သူ အရည်ပျော်ရုံသာမက အငွေ့ပင် ပျံသွားခဲ့သည်ထင်၏။

~ ~ ~

www.burmeseclassic.com

www.burmeseclassic.com

"မိုးအောင်တို့လင်မယားရော သစ်သစ်ဖူးရော အလှူကို မလာကြဘူး၊ မအားဘူးလားမသိဘူး"

"ဖုန်းဆက်ကြည့်လိုက်ပါလား"

သူ သူ့ဖုန်းကိုထုတ်ရင်း ဆိုဖြစ်သည်။

"သစ်သစ်ဖူးမလာနိုင်တာကတော့ ဝဏ္ဏပြောလို့ သိပြီးပြီ လေ၊ မိုးအောင်တို့ကိုက ဖုန်းမဆက်ဖြစ်လို့ မသိဘူး၊ မဆက်တော့ ပါဘူးလေ သူတို့လည်းမအားလို့ ဖြစ်မှာပေါ့"

သူမက ကားမောင်းနေရင်းက ဆိုသည်။ ဝဏ္ဏက သွားစရာရှိသည်ဟု ဆိုကာပြန်သွားသည်။ သူကလည်း ဒုက္ခိတမို့

www.burmeseclassic.com

www.burmeseclassic.com



တားကမောင်း၍မရ။ ထို့ကြောင့် သူမကိုယ်တိုင် ကားမောင်းနေရခြင်းဖြစ်သည်။

"ဖြူက မိုးအောင်တို့ ဝဏ္ဏတို့ဆိုတော့ ဖုန်းဆက်ပြီး မောင့်ဆီကျတော့ မဆက်ဘူးနော်"

"မောင်ကလည်း ဖြူပြောပြီးပြီလေ၊ သူတို့နဲ့ကျတော့ သူငယ်ချင်းဆိုတော့ သာမန်စကားပြောပြီး ပြီးသွားတာလေ၊ မောင်နဲ့ကျတော့ ရည်းစားဆိုတော့ ဘာညာဘာညာတွေ အိကြဦးမှာလေ၊ ပြီးတော့ အကြာကြီးပြောမှာလေ၊ ဒီတော့ အိမ်ကတစ်ယောက်မဟုတ်တစ်ယောက် သိသွား ကြားသွားရင် ရှက်စရာကြီး"

ဖြူက ကားမောင်းရင်း ရှက်အမ်းအမ်းဖြင့်ဆိုသည်။

"ဟ. . . ဖြူ့အိမ်ကရော မောင့်အိမ်ကရော ဖြူနဲ့မောင့်အကြောင်းသိပြီးသားပဲဥစ္စာ၊ ဘာရှက်စရာလိုလဲကွာ"

"အာ. . . မောင်ကလည်း သိသာသိစေ မမြင်စေနဲ့ ဆိုတဲ့စကား ရှိတယ်လေကွာ၊ ပြီးတော့ ဖြူ အရှက်ကြီးတာ မောင်လည်း သိရဲ့သားနဲ့"

"အရှက်ကြီးတဲ့ မောင့်ချစ်သူကို ပြောစရာတွေ အများကြီးရှိတယ်၊ ချောင်းသာမှာကတည်းက ပြောချင်နေတာ"

သူ သတိတရဖြင့် ဆိုဖြစ်သည်။

"ဘာကိုလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲဆိုတော့ အရှက်ကြီးပါတယ်ဆိုတဲ့ မောင့်ချစ်သူက ချောင်းသာမှာတုန်းက ဘယ်တုန်းကမှ မဝတ်ဖူးတဲ့ ဂျင်းဘောင်းဘီတွေ ဘာတွေ ဝတ်နေတာကိုလေကွာ၊ မောင်မျက်စိထဲက တစ်မျိုးကြီးပဲ"

"မောင်ကလည်း ဘောင်းဘီအတိုဝတ်တာမှမဟုတ်တာ၊ အရှည်ဝတ်တာလေ၊ သိပါတယ် ချောင်းသာမှာကတည်းက မျက်နှာကြီးစူပုပ်ပြီး ကြည့်နေကတည်းက ပြောတော့မယ်ဆိုတာ သိသားပဲ"

သူမက ဟက်ခနဲရယ်ရင်းဆိုသည်။

"နောက်တစ်ခါ အဲဒီလိုမျိုးမဝတ်ပါနဲ့ကွာ၊ ဖြူရဲ့ဆံပင်အရှည်ကြီးနဲ့ အဲဒီလိုဘောင်းဘီတွေနဲ့ မလိုက်ပါဘူးကွာ"

"ဖြူကတော့ ကြိုက်တယ်၊ ဝတ်ရတာ ပေါ့ပေါ့ပါးပါးရှိလို့၊ ဆံပင်အရှည်ကြီးနဲ့ ဘောင်းဘီနဲ့ မလိုက်ဘူးလို့ ဘယ်သူပြောလဲ၊ သူများတွေလည်း ဒီလိုပဲဝတ်နေကြတာပဲ၊ ဆံပင်အရှည်နဲ့ ဂျင်းဘောင်းဘီ မလိုက်ဘူးလို့ မောင်ထင်ရင်လည်း ရတယ်လေ၊ ဖြူ ဆံပင်ကို သစ်သစ်ဖူးလို တိုတိုလေး ညှပ်လိုက်မယ်၊ မကောင်းဘူးလား"

ဖြူက ကားမောင်းနေရင်း သူ့ကို ရွှတ်နောက်နောက်ဆိုသည်။

"ဖြူကလည်းကွာ ဆံပင်ကိုညှပ်ပစ်မယ် ညှပ်ပစ်မယ်နဲ့

www.burmeseclassic.com



မောင့်ကို ခဏခဏ ခြိမ်းခြောက်နေတော့တာပဲ"

"ခြိမ်းခြောက်နေတာမဟုတ်ဘူး မောင်ရဲ့၊ တကယ့်တကယ်ကြီးကို ညှပ်ချင်နေတာ၊ ဒီဆံပင်ကြီးကို ထိန်းသိမ်းရတာ ပင်ပန်းလွန်းလို့"

"ညှပ်ကွာ၊ ဂုတ်းပါတုံးပစ်လိုက်"

သူ ဒေါကန်ကန်ဖြင့် သူမကို ခပ်ရွဲ့ရွဲ့ဆိုဖြစ်သည်။

"မောင်ညှပ်ခိုင်းတာနော်"

သူမကတော့ စိတ်တိုနေသော သူ့ကို 'မောင်ညှပ်ခိုင်းတာနော်'ဟု ပြောင်ချော်ချော်ဖြင့်ဆိုသည်။ သူဘာမှပြန်မဆိုဖြစ်။

~ ~ ~

www.burmeseclassic.com

www.burmeseclassic.com



"အခုတလော ဖြူလေ ယောကျ်ားဆန်တဲ့ အဝတ်အစား တွေဝတ်ပြီးတော့ ယောကျ်ားလေးလို နေချင်တဲ့စိတ်တွေ ပေါက်နေတယ်သိလား"

"မသိဘူး"

Shopping Center ထဲသို့ဝင်လာရင်း သူမက ရယ်ကျဲ ကျဲဖြင့် ဆိုသည်။ 'မသိဘူး'ဟု သူ ဘုတောဖြစ်သည်။

"သစ်သစ်ဖူးလိုလေ ဆံပင်တိုတိုလေးနဲ့ အလန်းစားတွေ ဝတ်ပြီး ယောကျ်ားတစ်ယောက်လိုနေချင်တာ"

"ယောကျ်ားလိုဝတ်ပြီး ယောကျ်ားလေးလိုနေတာနဲ့



www.burmeseclassic.com

ယောကျ်ားဖြစ်ရောလား၊ ဘာကိစ္စ သစ်သစ်ဖူးကို သွားသွားပြီး အားကျနေရတာလဲကွာ၊ ပြဿနာပဲ၊ ဖြူပြောတဲ့ သစ်သစ်ဖူးတရော အခုယောကျ်ားဖြစ်နေပြီလား၊ စိတ်ရှိလက်ရှိပြောလိုက်ရင် လွန်တော့မယ်”

သူ ဒေါကန်ကန်နှင့်ပင် ဆိုဖြစ်၏။ ဒေါကန်နေသော သူ့ကို ကြည့်ရင်း သူမကတော့ တခွီးခွီးရယ်သည်။ ပြီး သူ့ကို မချိုမချဉ်ဖြင့် ကြည့်သည်။

BURMESE CLASSIC

“တကယ်လို့ပေါ့နော်၊ ဖြူက ယောကျ်ားလေးလို ဝတ်စားပြီး ယောကျ်ားလိုပဲနေမယ်ဆိုရင် မောင် ဖြူ့ကို ချစ်ဦးမှာလား”

“မသိဘူးကွာ၊ အဓိပ္ပာယ်မရှိတာတွေ လာမမေးနဲ့”

သူ ခေါင်းကို တွင်တွင်ခါရင်း ငြင်းဖြစ်သည်။

“ဖြူက အကောင်းမေးတာနော်၊ အခုတလော ဖြူ့စိတ်ထဲမှာ ယောကျ်ားလေးစိတ်တွေ ဝင်ဝင်နေလို့ပြောတာ”

“မသိဘူးကွာ. . . မသိဘူးကွာ”

သူ ဒေါကန်ကန်ဖြင့် အာခေါင်ခြစ်ကာ အော်ဖြစ်သည်။ ဈေးဝယ်တချို့က သူတို့နှစ်ယောက်ကို ကွက်ကြည့်ကွက်ကြည့် လုပ်သွားကြသည်။

ထိုနေ့က ဖြူတစ်ယောက် T.Shirt နှင့် ဂျင်းဘောင်းဘီများကိုသာ ဝတ်ခဲ့သည်ကို သူ သတိထားမိသည်။

~ ~ ~



www.burmeseclassic.com

www.burmeseclassic.com

## ၁၆ မြှုပ်ရန်အကိုင်

BURMESE CLASSIC

မှတ်မှတ်ရရ သူ ပတ်တီးဖြည်သောနေ့ ဆေးရုံကို သူနှင့် မိုးအောင် အတူလာဖြစ်သည်။ ဖြူက နည်းနည်းနောက်ကျမည်ဟု ဖုန်းရသည်။

ဘာလိုလိုနှင့် ဖြူနှင့်မတွေ့ရသည်မှာ သုံးရက်ရှိပြီဖြစ်သည်။ အပြောအဆို အပေါက်အလမ်း သိပ်မတည့်သည်မို့ ဝတ်ကျေတန်းကျေ ဖုန်းဆက်ဖြစ်ရုံလောက်သာ ရှိသည်။

ပတ်တီးဖြည်ပြီးစလောက်မှာ ဝဏ္ဏတစ်ကောင် လိမ်ကျစ် လိမ်ကျစ်ဖြင့် ရောက်လာသည်။ လက်ထဲမှာ စက္ကူအိတ်ဆွဲ အိတ်တစ်လုံး သယ်လာသည်ကို တွေ့ရသည်။ သူမမြင်ချင်သည်မို့

www.burmeseclassic.com

ဝိ၊ မို၊ ၈၇၄၀

www.burmeseclassic.com



မျက်နှာကို တစ်ဖက်သို့ လွှဲထားဖြစ်သည်။

"ဟဲ့. . . ဖြူတို့လာနေပြီသိလား"

"မသိဘူးကွာ"

သူ ဝဏ္ဏာ၏ ပတ်ချွဲနှပ်ချွဲစကားကို ဘုတောဖြစ်သည်။

"ရော့. . . နင်ဝတ်ဖို့ဆိုပြီး ငါကိုဝယ်ခိုင်းထားတဲ့အင်္ကျီတွေ"

ဝဏ္ဏာက သူ၏ဘုတောမှုကြောင့် စိတ်တိုသွားဟန်ဖြင့် သူ့လက်ထဲမှအိတ်ကို 'ရော့'ဟု ဆောင့်ကြီးအောင့်ကြီး သူ့ထံကမ်းပေးသည်။

'သူ့အတွက် ဖြူ ဝယ်ခိုင်းထားတာ'ဆိုသောအသိကြောင့် သူရင်ဝယ် ကြည်နူးသွားရသည်။ မိုးအောင်က 'ကြည့်ရအောင်' ဟူသောသဘောဖြင့် စက္ကူအိတ်ကို ဖွင့်ရန် မေးငေါ့သည်။ သူ စက္ကူအိတ်ထဲမှ အင်္ကျီများကို ဆွဲထုတ်ဖြစ်သည်။

ပထမတစ်ထည် အရောင်က ပန်းဆီရောင်။ တစ်ထည်လုံးနီးပါး ပန်းပွင့်ပုံ ခရစ်စတယ်များ ထိုးကာထားသည်။

ဒုတိယတစ်ထည် ခရမ်းရောင်ဖျော့ဖျော့။ ပထမတစ်ထည်နှင့် သိပ်မကွာသော ဒီဇိုင်းကို တွေ့ရသည်။ သူ မျက်နှာတွေပူကာလာသည်။

တတိယတစ်ထည် လိမ္မော်ရောင်တောက်တောက်ဖြင့် ရွှေအိုရောင် ခရစ်စတယ်များက ပန်းခက်ပန်းနွယ်များအဖြစ် အင်္ကျီပေါ်မှာ နေရာယူသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟကောင် ဝဏ္ဏ ဘာအင်္ကျီတွေလဲ၊ ဒီအင်္ကျီတွေက မိန်းမ အင်္ကျီတွေမဟုတ်လား၊ ဒါမျိုးတွေ မင်းပဲဝတ်၊ ငါ ဘယ်တုန်းကမှ ဒါမျိုးမဝတ်ဖူးဘူး"

သူ့စကားအဆုံးမှာ ဝဏ္ဏက 'ဝယ်လည်းပေးရသေးတယ်' ဟူသောသဘောဖြင့် လူကို ပေစောင်းပေစောင်း ကြည့်သည်။

"အဲဒါ ကိုရီးယားစတိုင်ဟဲ့၊ ဘယ်လောက်ရှာဝယ်ခဲ့ရတယ် မှတ်လဲ၊ ငါ့မှာ အဲဒီအင်္ကျီရဖို့ ဖတ်ဖတ်မောနေအောင် ရှာထားရ တာ"

ဝဏ္ဏက ခါးကို ခပ်နွဲ့နွဲ့ထောက်ရင်း ဆိုသည်။

"အေး. . . အဲဒါဆိုရင်လည်း မင်းပဲဝတ်၊ ဒါ မင်းအကြိုက် ဒီဇိုင်းကွ၊ ငါ့အကြိုက်မဟုတ်ဘူး၊ မဝတ်ဘူး ရော့"

သူ ပြောပြောဆိုဆို အင်္ကျီများကို စက္ကူလက်ဆွဲအိတ်တွင် ပြန်ထည့်ရင်း 'ရော့'ဟု ခပ်ဆောင့်ဆောင့် ပြန်ပစ်ပေးဖြစ်သည်။

"ဟဲ့. . . ဘယ်ကလာ ငါ့အကြိုက်ရမှာလဲ၊ ဖြူက ဒီပုံစံ လိုချင်တယ်ဆိုလို့ ရှာဝယ်ထားပေးတာ၊ ရှာလည်းဝယ်ပေးရသေး တယ်၊ လူကို ကျေးဇူးလည်းမတင်ဘူး"

"တင်စရာလားကွ မင်းဝယ်လာတဲ့ ဒီဇိုင်းမျိုးကို သူရက ဘယ်တုန်းကဝတ်ဖူးလို့လဲ၊ မစဉ်းမစားနဲ့ ဘယ်လိုပုံစံတွေ ဝယ်လာ မှန်းမသိဘူး"

တစ်ချိန်လုံးငြိမ်နေသော မိုးအောင်ကလည်း ပေါက်ကန်ကန် ဖြင့် ဝင်၍ဆိုသည်။

www.burmeseclassic.com



"ငါပြောပြီးပြီလေဟယ်. . . ဖြူ့ဝယ်ခိုင်းလို့ပါဆို နင်တို့က လည်း ပြောရဆိုရတာ လက်ပေါက်ကပ်လိုက်တာ"

"ဘာလဲ သစ်သစ်ဖူးက ဖြူ့ကို ယောက်ျားစိတ်ဝင်အောင် ဓာတ်သွင်းပြီး မင်းက ဒီကောင်သူရကို မင်းလိုပုံစံဖြစ်အောင် စုံသွင်းမယ်ပေါ့ အဲဒီလိုလား"

မိုးအောင်က စိတ်တိုတိုဖြင့် ဝဏ္ဏကို ခပ်ငေါက်ငေါက် ဆိုသည်။ ထိုစဉ်မှာပင် သူ့ဖုန်းဝင်လာသည်မို့ သူဖုန်းကိုင်ဖြစ်သည်။ ဖုန်းက ဖြူ့ဆီမှဖုန်းဖြစ်သည်။

"မောင်"

"ဘာလဲ"

"ဖြူမလာဖြစ်တော့ဘူးနော်၊ ရုတ်တရက် သစ်သစ်ဖူးနဲ့ သွားဖို့ကိစ္စလေးပေါ်လာလို့ ဖြစ်လားဟင်"

"ဖြစ်တယ်၊ ဆယ်ခါပြန်ဖြစ်တယ်"

သူ ဒေါကန်ကန်ဖြင့် ဆိုဖြစ်သည်။

"ဖြူ့ဝယ်ပေးတဲ့အင်္ကျီတွေ ကြိုက်ရဲ့လားမောင်"

"မကြိုက်ဘူး၊ လုံးဝမကြိုက်ဘူး၊ ဒါပဲကွာ"

ပြောပြောဆိုဆို သူဖုန်းချပစ်သည်။ သစ်သစ်ဖူးနှင့် သွားစရာပေါ်လာသည်ဆိုပါလား။ သူ ဒေါသထွက်လွန်းသည်မို့ အသက်ရှူပင်မမှန်တော့။

~ ~ ~

www.burmeseclassic.com

www.burmeseclassic.com

## ၁၀ မြရှင်ခက်

"ဖြူ"

မြင်ရသောမြင်ကွင်းကြောင့် သူ အသက်ရှူရန်ကိုပင် မေ့လျော့ကာသွားရသည်။ ဖြူကား အရင်ကလို ဆံပင်ရှည်ရှည်ဖြင့် မိန်းမဆန်သော အဝတ်အစားများကို ဝတ်ထားသော ဖြူ မဟုတ်တော့။ ဆံပင်တိုတို၊ ဂျင်းဘောင်းဘီရှည်နှင့် တီရှပ်ပွပွကို ဝတ်ထားသော ဖြူ ဖြစ်ကာနေသည်။

"ဖြူရယ်. . . ဘယ်လိုဖြစ်ရတာလဲကွာ"

"သူရ ငါဒီလိုပဲ ပေါ့ပေါ့ပါးပါးနေတော့မယ်ကွာ"

ဖြူက ယောကျ်ားတစ်ယောက်၏ ဟန်ပန်အပြည့်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဘော်ဒါတစ်ယောက်ကို ပြောနေသလိုမျိုး သက်သောင့်သက်သာပင် ဆိုသည်။

"မောင့်ကို ဘယ်လိုခေါ်လိုက်တယ် ဖြူ"

"မင်းကအရစ်ပဲကွာ၊ မောင်တွေဘာတွေ လုပ်မနေတော့နဲ့သူရ၊ မင်းကို ငါ ဘော်ဒါလိုပဲခေါ်တော့တယ်၊ OK နော်"

မျက်စိတစ်ဖက်မှိတ်ပြရင်း ကျားကျားလျားလျားကြီးဆိုလိုက်သော သူမကိုကြည့်ကာ သူ ကြက်သီးများပင် ထသွားမိသည်။

"ဘယ်လိုဖြစ်သွားရတာလဲဖြူရာ. . . အဲဒါကြောင့် ဟို သစ်သစ်ဖူးဆိုတဲ့ ငကြောင်နဲ့ မပေါင်းဖို့ မောင်ပြောခဲ့တာ"

"နဂိုရှိလို့ နဂိုင်းထွက်တာပါကွာ၊ ပွင့်ပွင့်လင်းလင်းပြောရရင် ငါလည်း မိန်းကလေးလို မနေချင်တော့ဘူး၊ မင်းနဲ့ ရည်းစားဖြစ်စဉ်အခါကတည်းက ယောကျ်ားလေးစိတ်ပဲရှိတာ၊ သစ်သစ်ဖူးနဲ့တွေ့မှ စိတ်ထဲရှိသလို နေပစ်ဖို့ သတ္တိတွေရှိလာတာ၊ အခု ငါဒီလိုနေရတော့ စိတ်တွေပေါ့ပါးနေတယ်ကွာ"

ဖြူက ခပ်တည်တည်ပင်ဆိုသည်။

"ဒါဆိုရင် မောင်က ဘယ်လိုနေရမလဲ၊ ဖြူကို မောင်တအရမ်းချစ်ခဲ့တာလေကွာ၊ အရင်လိုပဲ ပြန်နေပါကွာ၊ နော် ဖြူ"

"အာ. . . မင်းကလည်း လာဂေါက်နေပြန်ပြီ၊ ငါကတော့ အရင်လိုပြန်မနေနိုင်ဘူး၊ တစ်ခုတော့ရှိတယ် မင်းလည်း ဝဏ္ဏလို ခပ်နွဲ့နွဲ့လေးဆိုရင်တော့ ငါ ပြန်ချစ်ပေးလို့ရတယ်ကွာ ဘယ်လိုလဲ"

www.burmeseclassic.com



"ဘာကွ"

သူ ဒေါကန်ကန်ဖြင့် ဘာကွဖြစ်သည်။

"မင်းသမီးကို ချဉ်းကပ်ချင်လို့ မင်းသားက ခြောက်ပြတယ် ဆိုတာမျိုးက ဓာတ်ရှင်တွေထဲမှာတောင် သိပ်မသုံးတော့ဘူးကွ၊ ပြီးတော့ နွှဲလည်းမနွှဲတတ်ဘူး၊ ငါကတော့ နွှဲလာစရာအကြောင်း မရှိဘူး၊ မင်းကိုသာ မိန်းမစိတ်ပြန်ဝင်လာအောင် ငါလုပ်မယ်ဖြူ"

သူ စိတ်ရှိလက်ရှိအော်ကာ ဆိုဖြစ်သည်။

"စိတ်လျှော့ပြီး နိုးလိုက်တော့ သယ်ဂျင်း၊ ငါကတော့ ဒီစတိုင်ကိုပဲ စိတ်တိုင်းကျတယ်၊ သဘောတွေတယ်၊ ကဲ ငါ လစ်ပြီ"

အလေးပြုသလိုလုပ်ပြရင်း ကျားကျားလျားလျားကြီး ထွက်သွားသော ဖြူ့ကိုကြည့်ရင်း သူ နင်တာကျန်ခဲ့သည်။

ချက်ချင်းပင် မိုးအောင်ဆီ သူ ဖုန်းခေါ်ဖြစ်သည်။

"ဟကောင် မိုးအောင်ရေ ငါတော့ ရူးချင်နေပြီ"

"ဘာဖြစ်လို့လဲကွ"

"ဒီလိုကွာ"

သူ မိုးအောင်ကို ဖြစ်ကြောင်းကုန်စင် အကုန်ပြောပြဖြစ် သည်။ မိုးအောင်က ပြုံးသနာပဲဟု ရေရွတ်သည်။

"ငါဘာဆက်လုပ်ရမလဲ မိုးအောင်၊ ငါ ဖြူ့ကို အရမ်းချစ် တယ်ကွာ"

သူ တုန်လှုပ်စွာပင် ရေရွတ်ပြဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ်ကွာ. . . ခါးခါးသီးသီးကြီး သွားမလုပ်ဘဲ ဘော်ဒါလိုပဲပေါင်းပြီး ဖြည်းဖြည်းချင်း ကိုယ့်ဘက်ပါအောင် ဖြန်ဆွဲကြည့်ကွာ၊ ဟာကောင် သူရ ဝဏ္ဏလိုတော့ နွံမသွားနဲ့နော်"

"မနွံပါဘူးကွာ စိတ်ချ"

သူ စိတ်ပျက်လက်ပျက်ဖြင့် 'စိတ်ချ'ဟုဆိုရင်း သက်ပြင်းတို 'ဟင်း'ခနဲနေအောင် ချဖြစ်သည်။

~ ~ ~

www.burmeseclassic.com

www.burmeseclassic.com

"ပြန်စဉ်းစားပါဦး ဖြူရယ်"

"ငါက ဘာကိုပြန်စဉ်းစားပေးရဦးမှာလဲ"

ခဏာတွေရအောင်ဟုဆိုကာ ဆိုင်တွင်ထိုင်ဖြစ်ကြရင်း ဆိုသည့် သူစကားသူ သူမက မေးငေါ့လျက် စိတ်မရှည်သလို မေးခွန်းပြန်ထုတ်သည်။

"ဖြူ ဘယ်လိုပဲ အပေါ်ယံက ပြောင်းလဲနေနေ ကိုယ့်ကို ကို မိန်းမဆိုတာတော့ ငြင်းလို့မရဘူးမဟုတ်လား"

"သိတယ်လေ. . . ကိုယ့်ဘာသာကိုယ် မိန်းမဆိုတာက တော့သိတယ်၊ ဒါပေမယ့် မိန်းကလေးလို့မှ မနေချင်တာ

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတစ်ယောက်လို နေချင်စိတ်ပေါက်နေတာတော့ ငါလည်းမတတ်နိုင်ဘူး"

သူမက ပခုံးတွန့်ရင်းဆိုသည်။

"ဒီပုံစံကြီးက ဆွဲဆောင်မှုမရှိပါဘူး ဖြူရာ"

"ငါက မင်းကြိုက်အောင် နေပြရဦးမှာလား၊ ငါ့စိတ်နဲ့ငါ နေမယ်ကွာ၊ မင်း လာလာပြီး အာရုံမစားနဲ့"

သူမက သူ့ကို တုံးတိတိကြီးပင် စကားကို ဖြတ်ချရင်းဆိုသည်။ ပြီး လမ်းမဘက်သို့ကြည့်ကာ နေသည်။

"ဟယောင် . . . သူရ ဟို အပြာရောင်ဝမ်းဆက်နဲ့ ကောင်မလေးကိုကြည့်စမ်း၊ အရမ်းမိုက်တယ်ကွာ၊ လန်းတယ်"

သူ့ကို ဘေးမှာထားကာ လမ်းပေါ်မှ ကောင်မလေးတွေတို လှမ်းငေးရင်း သူမကဆိုသည်။ ပြဿနာပဲဟု သူတွေးမိသည်။

"မင်းလည်း အဲဒီလို အရောင်နုနုလေးတွေ ဝတ်ပါလား သူရ၊ မင်းက အသားဖြူတော့ လိုက်မှာသေချာတယ်"

သူမက ပြုံးစိစိဖြင့် ရွတ်နောက်နောက်ဆိုသည်။ သူ သူမတို့ ပညာပြချင်စိတ်၊ အရွဲ့တိုက်ချင်စိတ်တွေ တဖွားဖွားပေါ်ကာလာသည်မို့ သူ သူမထံမှာ အနီးကပ်နေရင်း ပညာပေးဖို့ တွေးဖြစ်သည်။

သူမကိုယ်သူမ မိန်းကလေးစိတ် ပြန်ဝင်မသွားသည့်တိုင် မိန်းကလေးမှန်း ခဏခဏ သိရှိမှတ်မိရန် လုပ်ပြမည်ဟု သူတွေး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ပြီး အခြားမိန်းကလေးများနှင့်တွဲကာ သူမ သဝန်တို လာလေမလား စမ်းသပ်ရမည်။

"ဒါဖြင့် ဖြူက ယောက်ျားစိတ်ပေါက်နေလို့၊ မောင်နဲ့ အဲလေ ကိုယ်နဲ့ ဘော်ဒါလိုပဲ ပေါင်းတော့မယ်ပေါ့"

"ဟုတ်တယ်ကွ. . . ဘယ်လိုလဲ ဖြစ်လား"

သူမက 'ဖြစ်လား'ဟု ဆိုသည်။

"ဖြစ်ရတော့မှာပေါ့ကွာ၊ ကဲ ဒါဆို အခုအချိန်ကစပြီး မင်းနဲ့ ငါ ဘော်ဒါတွေဖြစ်သွားကြပြီပေါ့၊ လာ ရှိတ်လိုက်"

သူ လက်ကမ်းပေးရင်း ဆိုဖြစ်သည်။ သူမက လက်ပြန် ကမ်းပေးသည်ကို သူ ကျကျနန ဆုပ်ကိုင်ရင်း နှုတ်ဆက်ဖြစ်သည်။

"ဖြူ မင်းလက်ကလေးက နုဖတ်နေတာပဲကွာ"

သူ၏ ရိသဲ့သဲ့စကားကြောင့် သူမမျက်နှာကြီး နီကာ ရှက်သွားသည်။ သို့သော် သူမက မှင်ဖြင့် ဘာမှမဖြစ်သလိုလုပ် သည်။

"အေးကွ. . . ငါက အလုပ်ကြမ်းမှ မလုပ်ရတာ"

"ဒါနဲ့ စကားမစပ် မင်းနဲ့ငါ ကန်တော်ကြီးဘက် ဒိုးကြ မလား၊ ဒီမှာထိုင်ရတာ ပျင်းစရာကြီး၊ ဟိုမှာက ကောင်မလေး အလန်းစားတွေ ရှိုးလို့ရတယ်၊ ဘယ်လိုလဲ"

"လစ်လေ. . . ဒိုးကြတာပေါ့"

သူမက ကျားကျားလျားလျားကြီးပင် ပြန်၍ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံရှင်းပေးတာ နှစ်ယောက်သား ဆိုင်ထဲမှထွက်လာစဉ် သူသူမ၏ပခုံးကို ခပ်တည်တည်ဖက်ဖြစ်သည်။

"ဟကောင် သူရ ဒါဘာလုပ်တာလဲ"

"အာ. . . မင်းကလည်းကွာ ယောကျ်ားချင်းဖက်တာဘာဖြစ်လဲ၊ ဘာထူးဆန်းလို့လဲ သယ်ဂျင်းရ၊ မင်းကလည်း အပိုတွေလုပ်နေပြန်ပြီ"

ယောကျ်ားချင်းဟူသော စကားကြောင့် သူမ ငြိမ်သွားသည်။ ချည်ပြီးတုပ်ပြီးဆိုသော စကားကြောင့် သူမ အောင့်သက်သက်ကြီး ဘေးကနေပါလာသည်။ 'မင်းတော့ တွေ့ဦးမယ် ဖြူ'ဟု သူ ညစ်ကျယ်ကျယ်ပင် စိတ်ထဲမှ ဆိုဖြစ်သည်။

~ ~ ~

www.burmeseclassic.com

www.burmeseclassic.com

## ၁၀ မြရင့်အောင်

"သူ့ရ ဟိုမှာကြည့်စမ်း ဟိုကောင်မလေး အရမ်းလန်း
တယ်"

ကန်တော်ကြီး မျှော်စင်ကျွန်းဘက် ဝင်ပေါက်အတွင်းပိုင်းတွင် ကားပါကင်ထိုးပြီးသည်နှင့် သူမက လက်သီးကြီးဆုပ်ရင်း အံကြိတ်ကာဆိုသည်။

"ဟာ. . . သယ်ဂျင်း မင်းက မြင်တတ်တယ်ကွာ ဟုတ်တယ်ကွ ကောင်မလေးက တကယ်လန်းတယ်"

ပြောပြောဆိုဆိုပင် သူမ၏ပခုံးကို အရှူးကွက်နှင်းတာ ဖက်ဖြစ်သည်။ သူမက အူကြောင်ကြောင် လှည့်ကာမေးမော့ကြည့်

www.burmeseclassic.com

www.burmeseclassic.com



သည်ကို သူမမြင်ချင်ယောင်ဆောင်ပစ်လိုက်သည်။ စောစောက တည်းက 'ယောက်ျားချင်းပဲကွာ'ဆိုသောစကားဖြင့် ချုပ်ထားသည်မို့ သူမတစ်ယောက် မပြောသာဘဲ ဖြစ်ကာနေသည်။

"ကောင်မလေးက ချစ်စရာလေးကွာ၊ ဟောဒီလိုတောင် အဘွားပေးလိုင်ချင်သေးတယ်၊ ဒီလိုမျိုး"

နှုတ်ကလည်းဆိုရင်း သူမမျက်နှာကို ရွှတ်ခနဲ နမ်းဖြစ်သည်။

"ဟကောင်. . . ဒါဘာလုပ်တာလဲကွ"

"ဟာ. . . မင်းကလည်း အရစ်ပဲ၊ ဟိုကောင်မလေး ချစ်စရာကောင်းလွန်းလို့ ငါ့စိတ်ထဲမှာ မချင့်မရဲကြီး ဖြစ်သွားတယ်ကွာ၊ ဒီတော့ ဘေးမှာရှိတဲ့ မင်းကို နမ်းလိုက်မိတယ်ကွာ၊ အဲဒါ ဘာဖြစ်လဲ ယောက်ျားချင်းပဲကွာ၊ ဟုတ်တယ်မဟုတ်လား"

"လွှတ်စမ်း. . . မင်း အဲဒါတော့ နည်းနည်းများသွားပြီ"

သူမက သူမ၏ရှိသမျှ ခွန်အားကိုသုံးကာ သူမ၏ပခုံးပေါ်မှ သူ့လက်ကိုဆွဲဖယ်ရင်း ဒေါကန်ကန်ဖြင့်ဆိုသည်။

"ဘာလဲကွ"

သူ ညစ်ကျယ်ကျယ်ပင် မသိယောင်ဆောင်ကာ အရွှဲကွက်နင်းရင်း မေးဖြစ်သည်။ သူမက ဆတ်ခနဲ ခါးထောက်သည်။

"ယောက်ျားချင်း ပခုံးဖက်တာကို ဘာမှမပြောချင်ပါဘူး မယ့် ယောက်ျားချင်းပါးနမ်းတာတော့ ငါလက်မခံဘူး၊ မင်းညစ်နဲ့နော်"

www.burmeseclassic.com



သူရ"

သူမက မျက်နှာကြီးနီရင်း ဆိုသည်၊

"မင်း ဘောလုံးပွဲတွေ မကြည့်ဘူးလား၊ ဥပမာကွာ ချဲလ်ဆီး (CHELSEA)အသင်းက လမ်းပတ်က ဂိုးသွင်းလိုက်တယ်ကွာ၊ အဲဒီမှာ သူ့ရဲ့ကစားဖော် တယ်ရီတို့ ဒရော့ဘာတို့က ဂုဏ်ပြုအနမ်းတွေ ဝိုင်းနမ်းကြတယ်လေကွာ၊ ဒီလိုပဲလေ စောစောကလည်း မင်းက ကောင်မလေးချောချောကို ရှာတွေ့တော့ မင်းကို ဂုဏ်ပြုအနမ်းပေးတာ၊ တခြားဘာစိတ်မှမရှိဘူး၊ လုံးဝအဖြူထည်သက်သက်ပါကွာ၊ အတည်ပြောတာ"

"ယောကျ်ားလုပ်ပြီး စကားကို မှောက်ချည်လှန်ချည် ပြောတတ်တယ်နော်"

သူမက မျက်နှာကြီးနီကာ ဆိုသည်။ ပြီး ဗိုင်းခနဲနေအောင် မျက်စောင်းထိုးသည်မို့ သူရယ်ချင်သွားမိသည်။ မည်သို့ပင် ယောကျ်ားကဲ့သို့ ဝတ်စားကာ ကျားကျားလျားလျားကြီး နေထိုင်ပါသော်လည်း မိန်းမဆန်သော အကျင့်ကိုမူ ဖျောက်ရန်ခက်နေသည်ကိုး။

"ဘာလဲ. . . မင်းကဘာရယ်တာလဲ"

သူမက မလုံမလဲကြည့်ရင်းဆိုသည်။

"မင်း စောစောက ငါ့ကိုမျက်စောင်းထိုးတယ်လေကွာ"

"အဲဒါဘာဖြစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com


"အဲဒါ ယောကျ်ားတွေမလုပ်တဲ့ အမှုအရာလေကွာ"

"ငါ. . . ငါမေ့သွားလို့"

ရှက်အမ်းအမ်းဖြင့် အထစ်ထစ်အငေါ့ငေါ့ဆိုရင်း သူမ ဆုတ်တောက်ဆတ်တောက်ဖြင့် ရှေ့မှသွားနှင့်သည်။

"ဟကောင်. . . စောင့်ဦးလေကွာ သယ်ဂျင်း"

သူ ရယ်ချင်ပက်ကျိဖြင့် သူမနောက်ကို လိုက်ခဲ့ဖြစ်သည်။ အေးချင်းယှဉ်ကာလျှောက်ရင်း သူမကို စပ်ဖြီးဖြီးဖြင့် သူကြည့်ဖြစ်သည်။

"ဘာကြည့်တာလဲကွ"

သူမက ယောကျ်ားတစ်ယောက်လိုဟန်ဖြင့် မာန်ဖြင့် ဆိုသည်။

"မင်း နေကာမျက်မှန်ကြီးကြီးတစ်လက်လောက် ဝယ်တပ် သင့်တယ်ကွ၊ မျက်လုံးလေးဝိုင်းပြီး မျက်တောင်လေးတွေတ ကော့နေတာပဲကွာ သိလား"

သူ တမင်ပင် ညစ်ကျယ်ကျယ် ဆိုဖြစ်သည်။

"ဟကောင် သူရ၊ မင်း ငါ့ကို အဲဒီလောက်ထိ အသေး စိတ်လိုက်မကြည့်နဲ့ကွာ၊ ငါမကြိုက်ဘူး"

နီရဲသော ရှက်ဝဲဝဲမျက်နှာဖြင့် သူမဆိုသည်။

"ဒါနဲ့ စကားမစပ် ငါ Toilet သွားချင်တယ်ကွာ၊ မင်းလိုက် ခဲ့လေ လာ"


www.burmeseclassic.com

www.burmeseclassic.com



သူမ၏ပခုံးကို လှမ်းပုတ်ရင်း သူဆိုဖြစ်သည်။ တကယ်တော့ သူ Toilet သွားလို၍မဟုတ်။ အများသုံး Toilet တို့ လှမ်းမြင်ကာ တွေးမိရင်း သူမကို ပညာပြချင်၍ဖြစ်သည်။

"မင်းဘာသာမင်း သွားစမ်းပါ၊ ဘာကိစ္စ ငါ့ခေါ်နေရတာတုန်း"

သူမက သူ့အကြံအစည်ကို ရိပ်မိဟန်ဖြင့် ခေါင်းယမ်းရင်း ခါးခါးသီးသီးပင် ငြင်းသည်။

"မဟုတ်ပါဘူး၊ မင်းသွားချင်နေမှာစိုးလို့ပါ၊ မင်း Toilet ကို သွားခဲ့မယ်ဆိုရင် ကျားဆိုတဲ့အထဲကို ဝင်မှာလား၊ မဆိုတဲ့အခန်းထဲကို ဝင်မှာလား"

ညစ်ကျယ်ကျယ်မေးရင်း သူ သူမကို ကြည့်ဖြစ်သည်။

"ကျားထဲလည်းမဝင်ဘူး၊ မထဲလည်းမဝင်ဘူး၊ ငါက Toilet မှ မသွားချင်တာ၊ ကဲပါ မင်းသွားစရာရှိတာသွား၊ ငါ ဒီကစောင့်မယ်"

"ငါသိချင်လို့ပါကွာ. . . တကယ်လို့ Toilet သွားချင်ခဲ့တယ်၊ ဒီမှာကလည်း အများသုံးဆိုတော့ ကျား၊ မ ခွဲထားတယ်ကွာ၊ မင်း ဘယ်အခန်းကိုဝင်မှာလဲ အဲဒါကိုပြောတာ"

သူ၏နောက်ဆက်တွဲအမေးကြောင့် သူမမျက်နှာကြီးနီသည်ထက် ပိုနီကာလာသည်။ သူမ မချိမဆန့်အမူအရာဖြင့် အံကိုကြိတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မင်းကိစ္စမဟုတ်ဘူး၊ မင်း ယောကျ်ားကြီးတန်မဲ့ စပ်စုလှချည်လား၊ မင်းသွားမဲ့ကိစ္စသွားကွာ၊ သွား. . . သွား"

သူမက ရှက်ကိုးရှက်ကန်းဖြင့် သူ့ကို တွန်းလွှတ်သည်။ အာရယ်မဟုတ် သူ ဟာက်ခနဲရယ်ဖြစ်သည်။

နောက်ဆုံးတော့ ပင်ကိုယ်စိတ်များကို သူမ မည်သို့ပင် ဖုံးကွယ်စေကာမူ သူ့အဖို့တော့ မြင်ရသည်ကတော့ အမှန်ပဲဖြစ်သည်။

~ ~ ~

www.burmeseclassic.com

www.burmeseclassic.com



မိုးအောင်တို့လင်မယားကို ပြောပြတော့ နှစ်ယောက်စလုံးက သူလုပ်ရပ်ကို ထောက်ခံကြသည်။ သူမကို မကြာခဏဆိုသလို အပြင်သို့ ခေါ်ခေါ်ပြီး ပညာပြရင်း သူပျော်သလိုလိုရှိလာသည်။ သူမက တစ်ခါတစ်ရံ စိတ်တိုလွယ်သော ကလေးနှင့် တူသည်ကိုး။

"သယ်ဂျင်း အင်းလျားကန်ဘောင် သွားရအောင်"

သူစကားကို သူမဘက်က ဘာမှတုံ့ပြန်မလာခဲ့။

"ဟဲလို. . . ဟဲလို ကြားလား"

"ဟကောင် သူရ၊ တိုးတိုးပြော၊ ငါနားမကန်းဘူး"

သူမက သူ့ကို ခပ်ဆတ်ဆတ်ပင် ပြန်၍ဆိုသည်။

"မင်းအွားတယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"အားတာက အားပါတယ်၊ အင်းလျားကန်ဘောင်ကို မင်းက ဘာသွားလုပ်မလို့လဲ၊ ပျင်းစရာကြီးကွာ"

သူမက ယောကျ်ားတစ်ယောက်၏ လေယူလေသိမ်းဖြင့် အမှန်အကန် ကျားလျားပြုရင်းဆိုသည်။

"ဟကောင်ရ ဒီလိုညနေခင်းချိန်ဆိုရင် ရန်ကုန်မြို့က ကောင်မလေး လှတပတလေးတွေ တော်တော်များများ အင်းလျားမှာရှိတယ်ကွ"

"အဲဒီတော့"

သူမက 'အဲဒီတော့'ဟု စကားထောက်သည်။

"သွားပြီး ကျွေးကြတာပေါ့ကွာ"

"ဘာကျွေးမှာလဲကွ"

"မျက်စိအစာသွားကျွေးမှာကို ပြောတာ၊ ငါလာခေါ်ရမလား"

သူ၏အဆိုကြောင့် သူမက ချက်ချင်းပင် 'မလာနဲ့ မလာနဲ့' ဟု ကြောက်လန့်တကြား တားမြစ်သည်။

"ငါ့ဘာသာငါလာခဲ့မယ်၊ မင်း ကားပါကင်ထိုးမယ့်နေရာကိုပဲ ဖုန်းဆက်၊ OK နော်"

"OK သယ်ဂျင်း"

ဖုန်းချရင်း သူပြုံးဖြစ်သည်။ တွေ့ကြသေးတာပေါ့မြသော်ဟု။

~ ~ ~

www.burmeseclassic.com

"ဟ. . . သူရ သွက်လှချည်လား"

"အေး. . . ငါက ဒီကိစ္စမျိုးဆိုသွက်တယ်၊ အရင်တုန်းတ
တော့ ရည်းစားရှိတော့ ဒီကိုမလာဖြစ်ဘူး"

ကန်ဘောင်တွင် ထိုင်နေနှင့်သော သူ့ကို သူမက 'သွက်လှ
ချည်လား'ဟု အမေး သူတမင်ပင် ရွဲ့ဖြေဖြေလိုက်သည်။ အတိတ်က
အကြောင်းတွေ သူမကို သတိရစေချင်သည်။

"အရင်တုန်းက ရည်းစားရှိတော့ ကိုယ့်ရည်းစားအတွက်
ပဲ အချိန်ပေးခဲ့တာကွ၊ အခုတော့ ရည်းစားလည်းမရှိတော့ဘူး
လွတ်လွတ်လပ်လပ်ပဲ OK ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း အဲဒါတွေ မပြောလို့မရဘူးလား"

သူမက မျက်နှာကြီးနီရင်း စကားစကိုဖြတ်သည်။

"အေးကွာ. . . Sorry တစ်ခါတလေကျတော့လည်း ရင်ထဲကနေ လှိုက်လှိုက်လှဲလှဲကြီး သူ့ကိုသတိရလို့ကွ၊ ဒါပေမယ့် ထားလိုက်ပါကွာ၊ ဟော ဟိုမှာတွေလား အဲဒီလို ဆံပင်ရှည်ရှည် လေးနဲ့ဆိုရင် ငါသိပ်သဘောကျတာကွ"

ကံကောင်းထောက်မစွာပင် ဆံနွယ်ရှည်ရှည်နှင့် ကောင်မ လေးတစ်ယောက်က ဘေးမှ ဖြတ်လျှောက်ကာသွားသည်မို့ အခန့် သင့်ပင် သူဆိုဖြစ်သည်။ တကယ်လည်း ရင်ထဲမှာ အရင်တုန်းက ပုံစံကို သတိရနေသည်က အမှန်ပဲဖြစ်သည်။ အခုလည်း ဘေးမှာရှိနေသည့်ဖြူ့ကို သူချစ်သည်။

သူမက ဆံပင်တိုတိုကို သပ်တင်ရင်း မကြားယောင် ဆောင်ကာနေသည်။

"သစ်သစ်ဖွေးနဲ့ကော ဆုံဖြစ်လား"

တရားခံဟု စွပ်စွဲချင်သူကို တမင်ပင်မေးဖြစ်သည်။ သူမ က ခေါင်းကိုခါသည်။ ပြီး သက်ပြင်းကိုချသည်။

"ဒီကောင်က ဝဏ္ဏမှဝဏ္ဏပဲ၊ ဘယ်လောက်ခေါ်ခေါ် မအားတာကများတယ်၊ မအားတိုင်းလည်း ဝဏ္ဏဆီရောက်နေ တယ်ဆိုတာကြီးပဲ"

ဝဏ္ဏဟု သူမဆိုလိုက်တော့မှ ဝဏ္ဏကို သတိရသည်။

www.burmeseclassic.com

www.burmeseclassic.com



အမြင်ကတ်ကတ်ဖြင့် ၎င်းကို အဆက်အသွယ်ဖြတ်ထားခဲ့သည်မှာ အချိန်အတော်ကြီးကို ကြာနေပြီဖြစ်သည်။

"မင်းလည်း သစ်သစ်ဖူးလို ရည်းစားတစ်ယောက်လောက် ရှာပေါ့ကွ"

သူ မဲ့ပြုံးပြုံးရင်း ရင်နာနာနှင့်ဆိုဖြစ်သည်။

"ငါသဘောကျတဲ့သူက ငါလိုချင်တဲ့ပုံစံမှမနေတာ"

သူမကိုကြည့်ရသည်မှာ သူ့ကိုများ ရည်ရွယ်ကာဆိုနေသလားမသိ။ မည်သို့ပင် အသွင်ပြောင်းပြောင်း သူ့ကို လုံးလုံးလျားလျား မေ့၍ရသေးဟန်မတူ။

"ငါ မင်းကို အရမ်းလန်းပြီး အရမ်းခင်ဖို့ကောင်းတဲ့ သူငယ်ချင်းတစ်ယောက်နဲ့ မိတ်ဆက်ပေးဦးမယ်၊ အဲဒီကောင်မလေးက ငါနဲ့တော့ အတော်လေးခင်တယ်"

"ငါသိတဲ့လူလား"

သူ 'ငါသိတဲ့လူလား'ဟု မေးဖြစ်သည်။

"မင်းမသိသေးတဲ့သူကွ၊ ငါနဲ့ On Line မှာ ခင်ကြတာ၊ နေပါဦး ငါဖုန်းဆက်ကြည့်ပါဦးမယ်"

ဖြူက ပြောပြောဆိုဆို ဖုန်းထုတ်ဆက်သည်။

"အေး. . . ကိုယ်ပါ၊ သဲသဲ အခုလာခဲ့မလား"

". . . ."

"OK ကိုယ်စောင့်နေမယ်နော် သဲသဲ"

www.burmeseclassic.com

www.burmeseclassic.com



သူမက ဖုန်းကိုချရင်း လက်မထောင်ပြသည်။

"လာရင်ကြည့်လိုက် သယ်ဂျင်း၊ လုံးဝအလန်းစားနော်၊ သူသူငယ်ချင်းက ပိုတောင်လန်းသေးတယ်၊ အတူလာခဲ့မယ်တဲ့၊ မင်းတစ်ယောက် ငါတစ်ယောက်ပေါ့၊ ဒါပေမယ့် မင်းကို တစ်ခါ တည်းပြောထားမယ်နော် သူရ သဲသဲက ကိုယ့်ရဲ့အဆင်လေးနော်၊ မင်းဝင်မရှုပ်နဲ့၊ မင်းက သူသူငယ်ချင်းကိုပဲ လှုပ်ရှားချင် လှုပ်ရှား ဒါပဲ"

သူမက လက်ဖျစ်တီးကာဆိုရင်း 'ဒါပဲ'ဟု အဆုံးသတ်သည်။ သွားပြီဟု သူတွေးမိသည်။ စောစောက သူထင်နေခဲ့သည်တို့က အခုတော့ မရေရာတော့။ သူမက ကောင်မလေး တစ်ယောက်ကိုကြွေကာ သူ့ကိုပင်မေ့နေပြီဖြစ်သည်။

သူ မသက်မသာပင် သက်ပြင်းချဖြစ်သည်။

~ ~ ~

www.burmeseclassic.com

www.burmeseclassic.com

Life can be understood by looking backward, but it must be lived by looking forward.

အတိတ်ကို ပြန်ကြည့်ခြင်းဖြင့် ဘဝကို သိရှိနားလည်နိုင်၏။ သို့သော် အနာဂတ်ကိုမျှော်ကြည့်ရင်း ဘဝကို ရှင်သန်စေရာ၏။

Kierkegaard, Soren-Aabye

~ ~ ~

www.burmeseclassic.com

www.burmeseclassic.com



"ဆိုရန်အေဘိုင် ကိုင်ရ်ကီးဂါ့ဒ်ကတော့ အတိတ်ကိုပြန်ကြည့်ပြီး ဘဝကို နားလည်နိုင်တယ်တဲ့၊ ဒါပေမယ့် အနာဂတ်ကို မျှော်ကြည့်ပြီး ဘဝကို ရှင်သန်ရတယ်တဲ့ကွ၊ အဲဒါလေးကို မင်းမှတ်ထား သူရ"

သူမက သူမခေါ်ထားသော သဲသဲဆိုသည့် ကောင်မလေးအား စောင့်စားရင်းက သူ့ကို ဆရာကြီးလေသံဖြင့်ဆိုသည်။

"မင်းက ဘာကိုပြောချင်တာလဲ၊ ပွင့်ပွင့်လင်းလင်းပဲပြော"

သူ စိတ်မရှည်စွာပင် ဆိုဖြစ်သည်။

"ဒီလိုကွာ. . . ဟိုတုန်းက မင်းနဲ့ငါနဲ့ ရည်းစားဖြစ်ကြ

www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုပေမယ့်လည်း အခု ငါက မင်းကို ဘော်ဒါလိုပဲ ခင်နိုင်တော့တယ်၊ ဆိုတော့ကွာ မင်း အခုလာမယ့် သဲရဲ့သူငယ်ချင်းလေးကို လှုပ်ရှားလိုက်၊ တကယ်မကြိုက်ခဲ့ရင်တောင်မှ အဖျင်းပြေခင်လို့ရတာပေါ့ကွာ၊ ဟုတ်ဘူးလား၊ ငါ့ကိုတော့ မမျှော်လင့်နဲ့တော့၊ ငါက ယောကျ်ားဖြစ်နေပြီ"

သူမက စကားကို ရှည်လျားစွာဖြင့် ဆရာကြီးအထာအပြည့်နှင့်ဆိုသည်။ ယောကျ်ားဖြစ်နေပြီဆိုပါလား။ ကြည့်ရင်းကြည့်ရင်းက သိပ်ကြည့်လို့မရချင်တော့။ နည်းနည်းတော့ ပညာပေးဦးမှဟု တွေးဖြစ်သည်။

"ဒါဖြင့်လည်း မင်းကို ငါက ကြိုပြောထားရဦးမယ်၊ မင်းနဲ့အခုလာမယ့် သဲသဲဆိုတဲ့ကောင်မလေးနဲ့က ဘာမှမဖြစ်သေးဘူးမဟုတ်လား"

"အေးလေ. . . အဲဒါဘာဖြစ်လဲ"

"ငါကြိုက်မိသွားခဲ့ရင် ငါကတော့လိုက်မှာပဲ၊ မင်းကလိုက်မနှောင့်ယှက်နဲ့၊ ငါနဲ့ ပြိုင်လိုက်ချင်ရင်လည်း တရားမျှတစွာပြိုင်လိုက်လို့ရတယ်၊ ဘယ်လိုလဲ သဘောတူလား"

"လုပ်လိုက်လေ သယ်ရင်း၊ ငါဆိုတဲ့ကောင်က စိန်ခေါ်ရင်တိမ်ပေါ်အထိ တက်မယ့်ကောင်နော်"

သူမက ကော်လံကို ခပ်ကြွားကြွားထောင်ရင်း ဆိုသည်။

"OK ဒါဆိုရင် မင်းရဲ့သဲကို ငါမမြင်ဖူးသေးပေမယ့်လည်း



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့အပြောနဲ့တင် လန်းတယ်လို့ ငါယူဆတယ်၊ လန်းတဲ့ ကောင်မလေးတွေဆိုရင် ငါကလည်း ကြိုက်ပါတယ်၊ ဒီတော့ သဲကို ပဲ ငါတို့ရဲ့ ဆုဖလားလို့ သတ်မှတ်ပြီး ပြိုင်ရအောင်၊ လောင်းကြေး ကဘာလဲ”

“ရတယ်၊ လောင်းကြေးကို မင်းဘက်ကစဖွင့်လိုက် သူရ”

သူမက လက်ဖျစ်တီးရင်း ခပ်မိုက်မိုက်ပင်ဆိုသည်။

“ ဒီပွဲမှာ မင်းရှုံးရင် မင်းအရင်တုန်းက မိန်းကလေးပုံစံ လို ပြန်နေပေးရမယ်၊ ဘယ်လိုလဲ သတ္တိရှိမှပြိုင်နော်”

သူ၏စကားကြောင့် သူမမျက်နှာ နီရဲကာသွားသည်။- သို့သော် ချက်ချင်းပင် မျက်နှာကိုတည်ရင်း ခေါင်းကိုညိတ်သည်။

“ရတယ် သူရ၊ ဒါပေမယ့် မင်းဘက်ကရှုံးရင်လည်း မင်း ဝဏ္ဏလိုမျိုး နူးနူးညံ့ညံ့ဝတ်စားနေထိုင်ပြီး ငါ့ကို ‘ကိုကို’လို့ တစ်သက် လုံးခေါ်ရမယ်၊ ဘယ်လိုလဲ သတ္တိရှိမှ ဇရှိမှ ပြိုင်နော်၊ သွေးကြောင် နေရင် အခုကတည်းက လှည့်ထွက်သွားလို့ရတယ်၊ ကဲ အခုချက် ချင်း ယောကျ်ားစကားပြော”

သူမ၏ စိန်ခေါ်စကားကြောင့် သူ ယောင်းခနဲဒေါသ ထွက်သွားရသည်။ သူမကပင် တပြန်တလဲ ‘ယောကျ်ားစကား ပြော’ဆိုပါလား။

“စိန်လိုက်လေ. . . စိန်လိုက်စမ်းပါ”

သူ့အံကြိတ်ကာ မခံချိမခံသာပင် ဆိုဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ပြုံးရိပ်နှင်း

လောလောဆယ်အနေအထားအရ သူမဘက်က ခင်မင်ပြီးသား၊ အသာစီးဖြစ်သည်။ သူကတော့ ချဉ်းကပ်ရလိမ့်ဦးမည်။ သူမက တော့ သူ့ကို 'သနားတယ်'ဆိုသော အကြည့်မျိုးဖြင့်ကြည့်ကာ ခနဲ့ တဲ့တဲ့ပြုံးသည်။ သူ ခပ်ရိသဲ့သဲ့ပင်ပြုံးရင်း သူမကို ပြန်စိုက်ကြည့် ဖြစ်သည်။

တစ်ယောက်ကိုတစ်ယောက် မျက်စိမမှိတ်စတမ်း 'ဓာတ်ရှင်တွေထဲကလို'ကြည့်ဖြစ်ကြသည်။ သူ့ရင်ထဲမှာတော့ ဖြူဆို သောသူမကို နှမြောခြင်း၊ အံ့ဩခြင်း၊ ကြေကွဲခြင်း၊ နာကြည်းခြင်း၊ မယုံနိုင်ခြင်းတို့ ရောပြွန်းကာနေသည်။

"ကို"

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ဘယ်လောက်ကြာအောင် စိုက်ကြည့်နေမိသည်မသိ 'ကို'ဆိုသော ဘေးမှအခေါ်ကြောင့် အသံလာရာဆီ ကြည့်ဖြစ်ကြသည်။

"သဲ"

သူမက ဝမ်းသာအားရ ရေရွတ်သည်။ ထို့ကြောင့် ဘေးမှ ရပ်နေသူကို 'သဲ'ဟု အကြမ်းဖျင်း သူသိလိုက်ရသည်။

ဖြူက သဲဆိုသောကောင်မလေး၏ ဘေးဘီကိုကြည့်ရင်း 'သဲတစ်ယောက်တည်းလား'ဟု မေးသည်။

"အင်း. . . သူငယ်ချင်းက မလိုက်ဖြစ်တော့လို့ တစ်ယောက်တည်း သိပ်နေမကောင်းတဲ့ကြားက ထွက်လာတာ



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေတာကြာပြီလား"

သဲသဲဆိုသော ကောင်မလေးက မပွင့်တပွင့်ပြုံးရင်း ဆိုသည်။ မိတ်ဆက်ပေးတော့လေဟူသော သဘောဖြင့် ဖြူ့ကို သူ အစိပ္ပာယ်ပါပါ ကြည့်ဖြစ်သည်။

"ဩော်. . . သဲသဲကို မိတ်ဆက်ပေးရဦးမယ်၊ ဒါ ကိုယ့် ဘော်ဒါလေ၊ သူ့နာမည်က သူရ၊ ဟယောင် သူရ၊ ဒါ သဲသဲယမုံ တဲ့၊ လူတိုင်းကတော့ သဲသဲလို့ပဲခေါ်ကြတယ်"

သူနှင့် သဲသဲယမုံတို့ တစ်ယောက်ကိုတစ်ယောက် ပြုံးပြ ဖြစ်ကြသည်။ ခေတ်ရှင်တွေထဲကလိုတော့ လက်ဆွဲကာ နှုတ်မဆက်ဖြစ်။

"ကိုကတော့ ယမုံလို့ပဲခေါ်ချင်တယ်၊ သဲသဲဆိုတာက လူတိုင်းခေါ်တဲ့နာမည် မဟုတ်လား၊ ကိုက သူများထက် ထူးထူး ခြားခြားလေးခေါ်ချင်တာ၊ ယမုံလို့ပေးခေါ်မှာလား"

"အင်း. . . ရပါတယ်"

ပြုံးပြရင်းဆိုသော သူ့စကားကို သဲသဲယမုံက 'ရပါတယ်' ဟုဆိုသည်။ မသိမသာဖြင့် ဖြူ့ကို လှမ်းကြည့်တော့ သူမက 'အပိုတွေပါကွာ'ဆိုသောသဘောဖြင့် အနည်းငယ် မဲ့ကာရွဲ့ကာဖြင့် ပြန်ကြည့်သည်။

"ယမုံကလေ ဘယ်မင်းသမီးနဲ့ တူနေမှန်းကိုမသိဘူး ရှတ်တရက် စဉ်းစားလို့မရဘူးဖြစ်နေတယ်၊ နာမည်ကြီးတော့

www.burmeseclassic.com

www.burmeseclassic.com

"ကိုသူရတလည်း နောက်နေပြန်ပြီ"

ဒုတိယအကြိမ် ပစ်သွင်းလိုက်သော သူ့စကားအဆုံးမှာ သဲသဲယမုံက ရှက်ကိုးရှက်ကန်း အမူအရာဖြင့် 'နောက်နေပြန်ပြီ'ဟု ဆိုသည်။

သူတို့နှစ်ယောက်ကိုကြည့်ပြီး ဖြူ့ မျက်စိမျက်နှာတွေ ဖျတ်ကာနေသည်။ ပြီး သူမက သူ့ကိုကြည့်မရဟန်ဖြင့် ကွက်ကြည့် တွတ်ကြည့်လုပ်သည်။ သူတို့နှစ်ယောက်၏ ပဋိပက္ခကို မသိသော သဲသဲယမုံကမူ ဆံပင်ကို သပ်တင်ကာနေသည်။

"ကိုသူရကိုကြည့်ရတာ ပျော်တတ်ပုံရတယ်နော်"

"ထင်လို့ပါ၊ ဒီကောင်က အကျင့်သိပ်ကောင်းတာမဟုတ် ဘူး"

ဖြူ့ကိုကြည့်ရင်းဆိုသော သဲသဲယမုံ၏ စကားအဆုံးမှာ ဖြူက ပက်ခနဲဝင်၍ ဆိုသည်။ ရုပ်တည်ကြီးနှင့် ဆိုလိုက်သော စကားကြောင့် သူ နင်ခနဲဖြစ်သွားရသလို သဲသဲယမုံကတော့ မျက်နှာပျက်သလို ဖြစ်ကာသွားသည်။

"သူက ဒီလိုပဲ ရုပ်တည်ကြီးနဲ့ နောက်တတ်တယ်၊ မင်းက တော့လေ ဟိုက တကယ်ထင်သွားပါဦးကွာ"

သူ ခပ်သွက်သွက်ပင် ရယ်ကျဲကျဲဖြင့် ဆိုလိုက်ရင်း ဖြူ့ နှရင်းကို ဖြောင်းခနဲ ကြိတ်ကာရိုက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါကလည်း ချစ်လို့စတာပါ၊ သူ့ရရာ ချစ်လွန်းလို့၊ ချစ်လွန်းလို့"

ဖြူကလည်း 'ချစ်လွန်းလို့'ဟုဆိုရင်း သူ့ပါးနှစ်ဖက်ကိုကိုင်ကာ အားပါးတရ ဖိညှစ်သည်။ မခံမရပ်နိုင်အောင် နာသော်လည်း သဲသဲယမုံ၏ ရှေ့မှာမို့ ဘာမှမဖြစ်သလို ဟန်မပျက်နေဖြစ်သည်။

"ကဲ. . . သဲသဲလည်း ပျင်းရောပေါ့၊ လာလေ ဆိုင်မှာ သွားပြီး တစ်ခုခုသောက်ရအောင်"

သူ ဆိုင်များဘက်ကို မေးငေါ့ရင်းဆိုဖြစ်သည်။ ဖြူက 'သိတယ်နော်'ဆိုသောသဘောဖြင့် လှမ်းကာကြည့်သည်။

ဘာပဲပြောပြော လက်ဦးမှုရယူရန်အတွက် ခင်မင်ရင်းနှီးရန်အတွက် သူ့မှာ အချိန်သိပ်မရှိ။ သဲသဲယမုံက ဖြူနှင့် အရင်းခင်မင်ရင်းနှီးထားသူမို့ သူ့ဘက်က လှုပ်ရှားနိုင်မှ တော်ရုံကျမည်။

"အာ. . . ပျင်းစရာကြီး၊ သွားမနေပါနဲ့"

ဖြူက ထိုင်ရာမှမထဘဲ ဆိုသည်။

"မင်းကလည်းကွာ ဒီမှာ လေတွေတိုက်ကတိုက်နဲ့ ယမုံက သိပ်နေမကောင်းချင်ပါဘူးဆို၊ ကဲ လာပါသွားရအောင်"

သူ တမင်ပင် ဖြူကို ဇွတ်ဆိုဖြစ်သည်။

"ဟုတ်တယ် တစ်ဆိုင်ဆိုင်မှာ သွားထိုင်ရအောင်လေ"

သဲသဲယမုံကပါ 'ဟုတ်တယ်'ဟု သူ့အစီအစဉ်ကို ထောက်ခံလိုက်သောအခါ ဖြူ အတိုက်အခံလုပ်၍မရတော့

www.burmeseclassic.com

www.burmeseclassic.com

"သွားလေ"

'သွားလေ'ဟု စိတ်မပါလက်မပါဖြင့် ဆိုရင်း ထရပ်သည်။ သူ သဲသဲယမ်းမမြင်အောင် ဖြူ့ကို ဘယ်လိုလဲဟု မျက်ခုံးပင့်ပြဖြစ်သည်။ ဖြူကတော့ မကြည်ကြည့်ကြည့်သည်။

~ ~ ~



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်သား ဆိုင်မှာထိုင်သောအခါ ဖြူက သဲသဲ ဘာအအေးသောက်မလဲဟု လောကွပ်ချော်ကာမေးသည်။

"ဟ. . . သူကနေမကောင်းပါဘူးဆို၊ ယမုံ အအေး မသောက်နဲ့ ဖျားတတ်တယ်သိလား။ အားရှိသွားအောင် အိုဗာတင်း ဝဲဖြစ်ဖြစ်၊ မိုင်လိုလေးပဲဖြစ်ဖြစ် ပူပူလေးသောက်လိုက်ပါလား"

သူ တမင်ပင် အိုဗာဖြစ်နေသောစတိုင်ဖြင့် အတင်းကြီး စရှုတိုက်ပြရင်း ဆိုဖြစ်သည်။ သဲသဲယမုံကတော့ သူတို့နှစ်ယောက် တိုကြည့်ရင်း ရယ်သည်။

"ဟ. . . ကိုယ်ပူရင်တောင် ရေခဲရေနဲ့ ရေပတ်တိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



သေးတဲ့ဥစ္စာ၊ အခုက ဖျားနေတာမှမဟုတ်ဘဲ၊ သဲသဲ အအေးပဲ သောက်နော်”

ဖြူကလည်း မခေ။ အတင်းကြီး အအေးသောက်ခိုင်းသည်။

“အာ. . . ဖျားချင်နေပါတယ်ဆိုမှ အအေးသောက်လို့ရမလား၊ ယမုံအအေးက အခန့်မသင့်ရင် လည်ချောင်းနာတတ်တယ်၊ ဒီတော့ကွာ အားရှိအောင် ကွေကာအုပ်လေးသောက်လည်း ဖြစ်တာပဲ၊ ဟုတ်တယ်မဟုတ်လား”

သူကလည်း တမင်ပင် အပူသောက်ခိုင်းဖြစ်သည်။

“ကိုသူရတို့နှစ်ယောက်ကလေ အရမ်းဟာသလုပ်တာပဲ၊ တကယ်ရယ်ရတယ်၊ ကျွန်မ ဘာမှမသောက်တော့ပါဘူး၊ ဘာမှသောက်ချင်စိတ်မရှိလို့၊ ဒါနဲ့လေ နောက်ကို ကိုသူရတို့နှစ်ယောက်ဆုံရင် ကျွန်မကိုခေါ်နော်၊ ကိုသူရတို့ အခုလိုမျိုး ဟာသတွေဖောက်ရင်ပျော်လို့”

သဲသဲယမုံက ဟက်ခနဲရယ်ရင်းဆိုသည်။

“အာ. . . ခေါ်မှာပေါ့၊ ရော့ ယမုံရဲ့ဖုန်းနံပါတ်ထည့်ထော့”

သူ သူ့ဖုန်းကို ယမုံဆီလှမ်းပေးရင်း ဆိုဖြစ်သည်။ သဲသဲယမုံက သူ့ဖုန်းကို လှမ်းအယူ ဖြူက လှမ်းရှဲတားသည်။

“နေ. . . နေ သဲသဲ၊ သူရ ငါ့ဆီမှာရှိတယ် ငါပေးထား”

ဖြူ၏ ညစ်ကျယ်ကျယ်လုပ်မှုကို သူသိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကမေ့တတ်တယ်ကွ၊ ကဲပါ ယမုံရယ် ရော့ ရော့ တိုယ့်ဖုန်းထဲကို နံပါတ်ရိုက်လိုက်"

ကိုယ်တိုင်ရိုက်မနေဘဲ အပိုင်ကြီးပင် သူမလက်ထဲသို့ သူဖုန်းကို ထွတ်ထည့်ပေးဖြစ်သည်။ ယမုံက အူကြောင်ကြောင်ဖြင့် ယူသည်။ ပြီး 'ဒီနှစ်ယောက်ကတော့လေ'ဟုဆိုကာ သူ့ဖုန်းထဲသို့ သူမ၏ဖုန်းကို ရိုက်ထည့်ကာ တစ်လက်စထဲ လှမ်းခေါ်သည်မို့ သူမ၏ရှေ့မှာ ချထားသောဖုန်းက Ring မြည်ကာလာသည်။

"ကဲ. . . ကျွန်မဖုန်းလည်း ကိုသူရဖုန်းထဲရောက်သွားပြီ၊ ကိုသူရရဲ့ဖုန်းနံပါတ်လည်း ကျွန်မရဲ့ဖုန်းထဲဝင်သွားပြီ၊ Save ထားလိုက်မယ်နော်၊ ကိုသူရလည်း Save လိုက်ဦး"

"အာ. . . Save မှာပေါ့ ယမုံရယ်၊ Save ဦးမှာ"

သူ တမင်ပင် အိုဗာဖြစ်နေသောစတိုင်ဖြင့် မြကို ရိသဲ့သဲ့ ကြည့်ရင်း ခပ်ကြွားကြွားပင် ဆိုဖြစ်သည်။

"အတော်ပဲ ဖျင်းရင် ဖုန်းဆက်ဖို့ လူတစ်ယောက်တိုးပြီ"

သဲသဲယမုံက ဖုန်းကိုကိုင်ရင်းဆိုသည်။

"အာ. . . ယမုံကလည်း Message လေးသာပို့လိုက်၊ ကို ဆက်လိုက်ပါ့မယ်၊ Message တောင်မှလေ အရှည်ကြီးပို့စရာမလို ဘူး၊ Hi...! ဒါမှမဟုတ် Hello လို့ပဲပို့လိုက်၊ ကိုယ်ပြန်ပြီးတော့ con-tact လုပ်လိုက်မယ်"

ဖုန်းကိုကိုင်ကာဖြင့် မျက်နှာကြီးဖြီးလျှက်ဆိုသော ဒွေးတို



www.burmeseclassic.com

www.burmeseclassic.com

## ၁၁ မြူ့ရင့်ဆိုက်

ဖြူကတော့ မျက်စောင်းကြီးထိုးသည်။

သူကတော့ သဲသဲယမုံမမြင်အောင် ဖုန်းကို ခပ်သွက်သွက်

နမ်းပြဖြစ်သည်။ သဲသဲယမုံကတော့ ဘာမှမသိရှာ။

~ ~ ~

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ယောကျ်ားကြီးတန်မဲ့ အပိုတွေသိပ်လုပ်တာပဲ နော်"

ဖြူနှင့် ညဖုန်းပြောဖြစ်စဉ်မှာ သူမက နေ့ခင်းက သဲသဲ ယမုံနှင့်ကိစ္စကို ရည်ညွှန်း၍ဆိုသည်။

"ဖြူ. . . မင်းကလည်း ရိုးရိုးသားသားယှဉ်ပြိုင်ကွာ၊ ငါ့အကြောင်းကို မဟုတ်ကဟုတ်ကတွေ သွားမပြောနဲ့နော်"

"အောင်မာ. . . ငါက မင်းလို ကလိမ်ကကျစ်မကျဘူးကွ မှတ်ထား"

သူမက သူ့ကို ပက်ခနဲ ပြန်၍ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ငါကဘယ်မှာ ကလိမ်ကကျစ်ကျလို့လဲကွ"

သူ အံ့ဩတကြီးပင်မေးဖြစ်သည်။

"နေ့လယ်က ငါ့ဘာစကားပြောပြော မင်းက အတိုက်အခံ လိုက်လုပ်ရုံတင်မကဘူး ရှေ့ကနေ ကာဆီးကာဆီးနဲ့ ငါ့ဘာမှပြော လို့မရအောင် ပိတ်ပိတ်ထားတယ်၊ အဲဒါ ကလိမ်ကကျစ်ကျတာပဲ ပေါ့"

"ဘာမှမဆိုင်ဘူး၊ မင်းကသာ ငါနဲ့ယမုံနဲ့ ခင်သွားမှာစိုးလို့ ဆိုင်ကိုမသွားတော့ဘူးလို့ အကြောက်အကန်ငြင်းခဲ့တာလေ၊ ယမုံ က ငါ့စကားနားထောင်လို့သာပေါ့၊ မဟုတ်ရင် ဒီအချိန်ဆို ဖျားတောင်နေပြီလားမသိဘူး"

သူ့စကားအဆုံးမှာ သူမက

"ယောက်ျားလုပ်ပြီး အပိုစကားမပြောနဲ့"ဟု ဆိုသည်။

"မင်းကသာ ယမုံကို ငါမသိဘဲ အပြင်ကို နှစ်ယောက် တည်းမသွားနဲ့၊ သွားရင် ငါပါမှသွား"

သူ ဖြူ့ကို ညစ်ကျယ်ကျယ်ပင် ဆိုဖြစ်သည်။

"ဟာ . . . ဘာဆိုင်လဲကွ"

"ဆိုင်တယ်လေကွာ . . . ငါလည်း မင်းမသိဘဲ သူနဲ့ နှစ်ယောက်တည်းဘယ်မှမသွားဘူး၊ မင်းလည်း ငါမသိဘဲ မင်း၀တ္ထု နှစ်ယောက် ဘယ်မှမသွားနဲ့၊ အဲဒါမှ မျှတမှာပေါ့၊ ဟုတ်ဘူးလား ကဲပါကွာ ဒါပဲ ဒါပဲ၊ မင်း ထဘီပြန်ဝတ်ဖို့စဉ်းစားထား"

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကို ဦးစွာချရင်း သူမကို မခံချင်အောင်ဆိုဖြစ်သည်။
သူမကတော့ ယမ်းပုံမီးကျ ဒေါ်ထနေမည်ထင်သည်။

~ ~ ~

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဟာ"

ပုန်းလျှိုးကွယ်လျှိုးဖြင့် ရောက်လာကြရင်း သူနှင့်ဖြူ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ အံ့သြသွားမိကြ သည်။

"တဲ ထိုင်ကြ"

ဆိုင်မှာကြိုရောက်နှင့်နေသော သဲသဲယမုံက သူနှင့်ဖြူ့ကို ဆိုသည်။ ဖြူရော သူပါ အောင့်သက်သက်ဖြင့် ထိုင်ဖြစ်ကြသည်။

"ကိုသူရက ဖုန်းဆက်တယ်၊ ဆိုင်မှာဆုံရအောင်ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့၊ ဖြူကလည်း တိုက်တိုက်ဆိုင်ဆိုင်ပဲ ဆိုင်မှာဆုံဖို့ဆက်တယ်၊ အဲဒါနဲ့ပဲ နှစ်ယောက်စလုံး အံ့ဩသွားအောင်လို့ ဒီဆိုင်မှာ တစ်ချိန်တည်း ချိန်းလိုက်တာ၊ ကဲ ဘာစားကြမလဲ မှာလေ"

သဲသဲယမုံက ပြုံးစိစိနှင့်ပင် နှစ်ယောက်စလုံးကို တစ်လှည့်စီ ကြည့်ရင်းဆိုသည်။ သူနှင့်ဖြူကတော့ တစ်ယောက်ကို တစ်ယောက် မကြည်ကြည့် ကြည့်ဖြစ်ကြသည်။

သူ့အထင်က သူနှင့်ယမုံ နှစ်ယောက်တည်း ဆုံကာ စကားစမြည်ပြောရမည်ဟု။ သို့သော် အခြေအနေက တွက်ဆထားသလို ဖြစ်မလာခဲ့။ ဖြူသည်လည်း သူ့ကို တစ်ပတ်လှည့်ကာ ယမုံနှင့်နှစ်ယောက်တည်း တွေ့ရန် သူ့လိုပင် ဂွင်ဆင်ခဲ့သည်ထင်၏။

"ဟော့တော် ဒီနှစ်ယောက် ဘာဖြစ်နေကြတာလဲ၊ တစ်ယောက်မှလည်း စကားမပြောကြဘူး၊ မှာကြလေ ပြီးတော့ ရယ်စရာမောစရာလေးလည်း အရင်လိုပြောကြမှပေါ့၊ ကဲ ကိုသူရမှာ ဖြူရောပဲ"

ယမုံက သူ့ဘက်ရော ဖြူ့ဘက်ကိုပါ လှည့်ကာဆိုသည်။

"အအေးပဲမှာတော့မယ်၊ ရင်ပူလို့"

"ငါလည်း အအေးပဲ"

ဖြူ၏စကားအဆုံးမှာ သူလည်း 'အအေးပဲ'ဟု ပြောဖြစ်သည်။ ဖြူက ရိသည်ဟုအထင်နှင့် သူ့ကို ဘုကြည့်ရှမ်းကြည့်

www.burmeseclassic.com

www.burmeseclassic.com



သည်။ သဲသဲယမုံကတော့ ဟက်ခနဲရယ်သည်။

"ဘာအအေးလဲ၊ ပုလင်းလား၊ ဗူးလား၊ Fresh Juice လား၊ ဘာအအေးဖြစ်ဖြစ်လား"

"ရတယ် အေးရင်ပြီးရော"

"ဒီကောင့်လိုပဲ"

သဲသဲယမုံ၏ အမေးအဆုံးမှာ သူက 'အေးရင်ပြီးရော'ဟု ဆိုဖြစ်သလို ဖြူကလည်း 'ဒီကောင့်လိုပဲ'ဟု ခပ်တည်တည်ဆို သည်။

"ကြားတယ်နော်. . . ဒီလိုလုပ် ရင်ပူနေတဲ့လူတွေကို သံပရာဖျော်ရည်တိုက်ရတယ်လို့ ကြားဖူးတယ်၊ နှစ်ခွက်ယူခဲ့"

သဲသဲယမုံက စားပွဲထိုးကို 'နှစ်ခွက်ယူခဲ့'ဟု ပြောင်ချော် ချော်ဖြင့်ဆိုသည်။ ပြီး တစ်ဖက်စားပွဲကိုကြည့်ကာ မျက်မှောင်ကုတ် သည်။

"အံ့ဩစရာကြီး မိန်းကလေးလုပ်ပြီး ဒီလောက်ထိ ဝတ်စားထားတာ မကြည့်ရဲစရာကြီး၊ ဒါမျိုး အတိုအပေါ်တွေဝတ်မှ ဆွဲဆောင်မှုရှိတယ်များ အောက်မေ့နေသလားမသိဘူး"

သဲသဲယမုံ၏ အဆိုကြောင့် လှည့်မကြည့်သော်လည်း တစ်ဖက်ဝိုင်းမှ ကောင်မလေးတစ်ယောက် (သို့) အများစုသည် မည်ကဲ့သို့ ဝတ်စားထားမည်ကို ခန့်မှန်း၍ရနေသည်။ ထို့ကြောင့် လည်း သူလှည့်မကြည့်ဖြစ်။ ဖြူကလည်း လှည့်မကြည့်။ သူ့ကိုသာ

www.burmeseclassic.com

www.burmeseclassic.com



လှမ်း၍ကြည့်သည်။

"တကယ်တော့ သူတို့က ဆွဲဆောင်မှုရှိအောင် နေစရာ ဖြစ်ရာအများကြီးထဲကမှ မဟုတ်တဲ့ဆွဲဆောင်မှုကို ကျင့်သုံးနေတာ တို့၊ ကျမ်းဂန်တွေထဲမှာတော့ မိန်းမတွေရဲ့ ဆွဲဆောင်မှုအတတ် ရှစ်မျိုးကို ဖတ်ဖူးတယ်"

"မိန်းမမာယာ လေးဆယ်ဆိုတာကိုလား"

သူစကားအဆုံး ထမေးသော သဲသဲယမုံ၏အမေးကို သူ ခေါင်းခါဖြစ်သည်။

"မဟုတ်ဘူး"

"ဒါဖြင့်ပြောပြ"

သဲသဲယမုံက 'ပြောပြ'ဟု ပွဲတောင်းသည်။

"မှတ်မိသလိုပဲ အစဉ်လိုက်ရွတ်ပြမယ်၊ ဒါပေမယ့် ရှေ့နောက် အစဉ်လိုက်ဖြစ်ချင်မှတော့ ဖြစ်မယ်နော်၊ အင်း. . .

၁။ ချိုပြုံးသော မျက်နှာအမူအရာ

၂။ တိုးညှင်းသောရယ်သံ

၃။ ကြောက်လန့်ထိတ်လန့်သော အပြုအမူ

၄။ ရှက်ဟန်ဆောင်ပြုသော အမူအရာ

၅။ မကြားတကြားစကားဆိုခြင်း

၆။ မျက်စိထောင့်ကပ်၍ကြည့်ခြင်း

၇။ စကားပြန်ရရန် မခံချင်စရာကို ပိတ်ဆိုးအောင်

www.burmeseclassic.com

www.burmeseclassic.com

## ၁၂ မြရှင်ကြိုက်

ဆွဲ၍ပြောခြင်း

၈။ ရှိုက်သံပေး ငိုသံပေးခြင်းဆိုပြီးတော့ပေါ့။ ရှေးကတော့ အဲဒီနည်းတွေနဲ့ပဲ ဆွဲဆောင်ခဲ့ကြတယ်တဲ့"

"တစ်ခုမှလည်းမကောင်းဘူး၊ အကောင်းကိုမပါဘူး"

သူ့စကားအဆုံးမှာ သဲသဲယမုံက နှုတ်ခမ်းစူရင်းဆိုသည်။ ဖြူကတော့ ထုံးစံအတိုင်း မျက်စောင်းကြီးထိုးသည်။ သူမကို စောင်းပြောနေသည်ဟုများ ထင်လေသလားမသိ။

အမှန်အတိုင်းဝန်ခံရလျှင်တော့ ဖြူ ဘယ်လိုပုံစံပဲ ဝတ်စားကာ မည်မျှပင် ပုံပြောင်းစေကာမူ သူ့အဖို့တော့ ချစ်စရာကောင်းနေသည်ပဲဖြစ်သည်။ ယမုံကိုအသုံးချကာ ဖြူ့ကို မိန်းကလေးလိုပြန်ဖြစ်စေချင်ခဲ့သည်မှာ 'မှားများနေသလား'ဟု သူ့ကိုယ်သူတွေးမိသည်။

"ဒါနဲ့ ကိုသူရက မိန်းမကျမ်းကျေသလိုပဲနော်"

ယမုံက သူ့ကိုကြည့်ရင်းဆိုသည်။

"မကျေပါဘူး ယမုံရယ်၊ မိန်းမကျမ်းမကျေလို့ပဲ ဘယ်မိန်းမနဲ့တွေ့တွေ့ ကိုယ့်ဘက်ကအရှုံးကြီးပဲ"

သူ ဖြူ့ကိုကြည့်ရင်း ဆိုဖြစ်သည်။

"ယောကျ်ားမဟုတ်တဲ့အတိုင်းပဲ မင်းပြောပုံက"

ဖြူကလည်း ပက်ခနဲပင် ထ၍ဆိုသည်။ ဘယ်ကတ... က ပိုးစိုးပက်စက်ကြီး ပြောချင်နေမှန်းမသိ။ သူ မချိပြုံးပြုံး... သည်။ သူ ဘာကိုပြောချင်မှန်း ဖြူတစ်ယောက် သိမည်ထင်သည်...

~ ~ ~

ဦး : မှုံ : ၀ ၁ ၉ ပ

www.burmeseclassic.com



"ဟယ်တော့. . . ဖြူ. . . ဖြူမဟုတ်လား"

သူတို့သုံးယောက်သား ဆိုင်မှအတူထွက်လာချိန် သူမ၏ အသိဖြစ်ဟန်တူသော အမျိုးသမီးတစ်ဦးက ဖြူကို အံ့အားတသင့် ဝင် နှုတ်ဆက်သည်။

ဖြူက ရှောင်၍မရတော့သည်မို့ မချိပြုံး ပြန်ပြုံးပြသည်။

"ဘယ်လိုပုံစံကြီး ဖြစ်သွားရတာလဲ ဖြူရယ်၊ ဆံပင်တွေ ညှပ်ပစ်တယ်တော့၊ နှမြောစရာကြီး၊ စိတ်ကူးတွေလွဲလိုက်တာ"

ထိုအမျိုးသမီးက ဖြူ့ပခုံးကိုကိုင်ရင်း တတွတ်တွတ်ဆို သည်။ ရှုံ့မဲ့ကာ မချိသွားဖြဲလုပ်နေသော ဖြူ့ကိုကြည့်ရင်း ရောချင်



www.burmeseclassic.com

www.burmeseclassic.com



လာသည်မို့ သူ တစ်ဖက်သို့ မျက်နှာလွှဲထားဖြစ်သည်။

သဲသဲယမုံကတော့ စောင့်နေရမလို ဆက်သွားရမလို ဖြစ်နေဟန်ဖြင့် ခေါင်းကိုကုတ်သည်။ ပြီး 'ဘယ်လိုလုပ်မလဲ' ဟူသောသဘောဖြင့် သူ့ကိုကြည့်သည်။

"လာလေ ယမုံ၊ ကိုယ်တို့ ကားပါကင်ကနေစောင့်ရအောင်၊ ဖြူ အေးဆေးစကားပြောပြီးမှ လိုက်ခဲ့နော်၊ ငါတို့ ကားပါကင်ကစောင့်မယ်"

သူ ယမုံ့ကိုရော ဖြူ့ကိုပါ တစ်လက်စထဲဆိုဖြစ်သည်။

"သွားစရာရှိသေးလို့ နောက်မှ ဖုန်းဆက်လိုက်မယ်နော်"

"အေး. . . အေး ဟုတ်ပြီ"

ဖြူကလည်း ခေသူမဟုတ်။ သူနှင့်ယမုံ နှစ်ယောက်တည်း လွှတ်ထားရမည်မို့ တစ်ဖက်မှ အမျိုးသမီးကို တိခနဲ စကားဖြတ်ကာ သူတို့နောက်သို့ ခြေလှမ်းကျဲကြီးဖြင့် လိုက်လာသည်။

ပြီး 'ဘယ်ရမလဲကွာ'ဟူသောပုံစံဖြင့် သူ့ကို ခပ်ကြောကြောကြည့်သည်။ သူ ဖြူ့ကိုကြည့်ရင်း ဟက်ခနဲရယ်ဖြစ်သည်။

"ဘာရယ်တာလဲကွ"ဟု ဖြူကမေးသည်။

"စောစောက အမျိုးသမီးပြောတာကို သဘောကျလို့ပါကွာ၊ ဘယ်လိုပုံစံကြီးဖြစ်သွားရတာလဲ ဖြူရယ်တဲ့၊ ကြည့်ရတော့ ဖြူ အတော်လေး စတိုင်ကျကျနေပုံရတယ်"

www.burmeseclassic.com

www.burmeseclassic.com

မျိုးစုံ ကြိုးခုန်တတ်သော

ပြောရင်း သူ 'ခွီး'ခနဲ ရယ်ဖြစ်သည်။ မြူကတော့ ဖျတ်ဖျတ်သွား သောမျက်နှာကို ပြန်တည်ရင်း ဘာမှမဖြစ်သလို လုပ်ကာနေသည်။

~ ~ ~

www.burmeseclassic.com

www.burmeseclassic.com

သဲသဲယမုံက သူနှင့်ဖြူ့ကို နှုတ်ဆက်ကာ ထွက်သွားသည်။ ဖြူက သူ့ကိုဒေါသဖြင့် ချာခနဲလှည့်ကြည့်သည်။ ပြီး မျက်နှာကိုတည်သည်။

"မင်းကလေ နည်းနည်းလေး အလွတ်ပေးလိုက်တာနဲ့ သဲသဲရဲ့ဘေးကို အရကပ်တော့တာပဲ၊ တော်တော်လက်သွက်နေတယ် ဟုတ်လား"

သူမ၏စကားကို သူပြုံးဖြစ်သည်။

"ဘာလဲ ငါက ယမုံဆီကိုကပ်တာ၊ မင်းက မနာလိုဖြစ်နေတာလား၊ မင်းပဲ ငါ့ကို ဘော်ဒါလိုခင်တော့မယ်ဆို၊ အခုမှ မိန်းမ

www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေပြန်ဝင်ပြီး အူတိုနေတာတော့ မဟုတ်ပါဘူးနော်"

မခံချင်အောင်စသော သူ့စကားအဆုံးမှာ ဖြူက မျက်နှာကိုမဲ့သည်။

"မင်းကိုယ်မင်း သိပ်အထင်ကြီးမနေနဲ့ သူရ၊ ငါက မင်းကို အတည်ကြီးဘော်ဒါလိုပဲခင်တာ၊ ဘော်ဒါတောင်မှ ရိုးရိုးဘော်ဒါ ကွမှတ်ထား၊ ငါအရမ်းခင်တဲ့ဘော်ဒါက သစ်သစ်ဖူး"

သူမက ကျားကျားလျားလျားစတိုင်ဖြင့် ဆိုသည်မို့ သူမကို အမြင်ကတ်ကတ်ဖြင့် စချင်လာသည်။

"ငါကတော့ ယမုံထက် မင်းကိုပဲချစ်တယ်၊ ဥပမာကွာ မင်းဘာသာမင်း ယောကျ်ားလေးလိုဝတ်ပြီး ယောကျ်ား တစ်ယောက်လို နေပေမယ့်လည်း မင်းက မိန်းကလေးဆိုတာကို ငါက ခံစားလို့ရပြီးတော့ ချစ်သူဟောင်းကလည်းဖြစ်နေတယ်ကွာ၊ ဒီတော့ မင်းကိုမြင်တာနဲ့ ငါ့ရင်တွေက တဒိန်းဒိန်းခုန်လာတယ်"

"တော်စမ်းပါကွာ"

သူ့စကားပင်မဆုံးသေး သူမက ခါးခါးသီးသီးပင်ဆိုသည်။

"ရင်ခုန်ရုံတင်ဘယ်ကမလဲ အားအင်တွေလည်း ပြည့်ဖြိုး လာတယ်၊ စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ အဲဒါဘာဖြစ်တာလဲဟင်"

"ဘာမှမဖြစ်ဘူး၊ အဲဒါ တွေ့ရာနဲ့ကောက်ရိုက်တာ ခံချင်တဲ့ ခံစားချက်မျိုးပဲ၊ ဆက်ပြီး ဘာမှလာမပြောနဲ့ ဆက်ပြောရင် ရိုက်မိ လိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ ဖြူ၏စကားကြောင့် နင့်ခနဲဖြစ်ကာသွားသည်။

"ဒါနဲ့ ဟိုတစ်နေ့က ဝဏ္ဏနဲ့ဖုန်းရတယ်၊ မင်းဂစ်တာတီး သင်နေတယ်ဆို"

သူ ဖြူ့ကိုမေးဖြစ်သည်။ သူမက 'အေး'ဟု ဝမ်းသာအားရ ဆိုသည်။ ပြီး လက်ဖျစ်ကိုတီးသည်။

"အတော်ပဲသူရ မင်းကို ငါသင်ထားသလောက် တီးပြမယ်၊ ငါ့ကားပေါ်မှာ ဂစ်တာပါလာတယ်"

သူနောက်ချင်သည်မို့ တမင်ပင် သူမ၏ကားရပ်ထားရာဆီ လိုက်သွားဖြစ်သည်။ ကားပါကင်မှာ လူကရှင်းနေသည်။

ဖြူက ကားထဲမှဂစ်တာကိုယူကာ ဟန်ပါပါဖြင့် တီးပြသည်။ တကယ်တမ်းကျ သူမ၏လက်သံက ကြေးလင်ဗန်းကို ကြောင်သေးပန်း၍ ထွက်လာသောအသံမျိုး။ သူ အင်တာနက်မှ ဟာသတစ်ခုကို သတိရသည်မို့ သူမကိုစချင်လာသည်။

"ဖြူ မင်းလက်သံက FM ရေဒီယိုက လွှင့်ပေးနေတာဆိုရင် သိပ်ကောင်းမှာပဲကွ သိလား၊ ငါအတည်ပြောတာ"

"ဟုတ်လား. . . အဲဒီလောက်ထိကောင်းလား"

"ဘာပဲပြောပြောကွာ ရေဒီယိုမှာ လာနေတာသာဆို ထပိတ်နိုင်တာပေါ့ကွာ မဟုတ်ဘူးလား"

သူ၏စကားအဆုံးမှာ သူမ၏မျက်နှာကြီး နီမြန်းကာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကြေးလင်ဗန်းကို ကြောင်သေးပန်းလို့ ထွက်လာတဲ့အသံမျိုးကို အားနာပါးနာနဲ့ နားထောင်နေစရာလည်းမလိုဘူးလေ"

"သူရ ငါ ဂစ်တာနဲ့ ကောက်ရိုက်မိတော့မယ်နော်၊ သွားကွာ သွားတော့ အနုပညာကို မခံစားတတ်တဲ့ကောင်"

သူမက စိတ်တိုတိုဖြင့် အာခေါင်ခြစ်ကာ အော်သည်။

"ယမ့်ကိုတော့ သွားမတီးပြနဲ့ဖြူ။ သူ လူ့ဘဝမှာ သက်တမ်းစေ့နေပါစေဦး၊ ဒီလိုအသံကြီး နားထောင်မယ့်အစား ကိုယ့်ကိုယ်ကိုပဲ သတ်သေတော့မယ်ဆိုပြီး ဆုံးဖြတ်သွားမှာစိုးလို့"

"သွားလို့ ငါပြောနေတယ်နော်၊ သွားကွာ သွား"

သူ၏နောက်ဆက်တွဲစကားအဆုံးမှာ သူမက 'သွား'ဟု အော်သည်။ သူလက်ပြကာ ကချော်ကချွတ်စတိုင်ဖြင့် လှည့်ထွက်ခဲ့ဖြစ်သည်။ မျက်နှာကြီးနီကာ ဒေါသထွက်နေသော ဖြူ့ပုံစံက ချစ်စရာကောင်းနေသည်ကတော့ အမှန်ပဲဖြစ်သည်။

~ ~ ~

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလက်ထပ်မယ့်သူက ဂျွန်စောလို ယောကျ်ားပီသ ရမယ်၊ ထယ်စောက်လိုလည်း နူးညံ့မှုရှိရမယ်၊ လီမင်ဟိုလိုလည်း ဆွဲဆောင်မှုရှိရမယ်၊ ပြီးတော့ ဘေယောင်ကျွန်းလို့လည်း ခန့်ညား စေချင်တယ်"

"ယမုံဖြစ်ချင်တဲ့ အချက်အလက်တွေ အားလုံးနဲ့ ပြည့် နေတဲ့ ကိုယ့်ကို ဆုံတွေ့ရတာ ယမုံ အရမ်းကံကောင်းတာပဲနော်"

သူ၏စကားအဆုံးမှာ ဖြူက သောက်လက်စရေ 'ဖွီး' သီးကာသွားရင်း ခွီးခနဲ့နေအောင် ထရှုံရယ်သည်။

"ဘာလဲဖြူ ငါက ယမုံလိုချင်တဲ့ပုံစံထက် အများကြီးပို

www.burmeseclassic.com

www.burmeseclassic.com



ပိုခန့် ပိုသန့်နေလို့လား၊ ပြဿနာမရှိပါဘူး၊ လောကကြီးမှာ လိုတာနဲ့စာရင် ပိုတာက ပိုကောင်းတာပေါ့ကွာနော် ယမုံ"

သူ ရယ်ကျဲကျဲနှင့်ပင် ယမုံကိုဆိုဖြစ်သည်။

"ကိုသူရကတော့လေ"

ယမုံကပြောရင်း ရယ်သည်။

"ဒီမှာသူရ. . . မင်းရဲ့ရုပ်ကလေ စာရေးဆရာ အကြည်တော်နဲ့ မိုးဆက်လင်းထက်ကို ရောနှယ်ထားတဲ့ကြားထဲ မြင်းချိုးပန်းခံထားရတဲ့ရုပ်ကွ၊ ပြည့်ပိုင်မှူးအိမ်ရဲ့ ဆယ်ပုံတစ်ပုံလောက် ရုပ်ဖြောင့်ပြီး ခန့်ညားနေရင် ငါမပြောဘူး၊ အဟုတ်ပြောတာ"

အရသာရှိရှိပင် စာရေးဆြာက (အဲလေ) ဖြူက အထက်ပါအတိုင်းဆိုရင်း ရယ်သည်။

"မင်းက အဲဒီလောက်ထိ ချီးမွမ်းနေတော့ ငါက ဘယ်လိုနေရမှန်းတောင် မသိတော့ဘူး၊ သိပ်မဖြောက်စမ်းပါနဲ့ကွာ၊ ငါတဖြောက်တိုင်းမဖြောက်တတ်ဘူးဆိုတာ မင်းလည်းသိရဲ့သားနဲ့"

ပြောရင်း သူမတို့နှင့်အတူ ရှက်ရယ်ရယ်ဖြစ်သည်။

"ဒါနဲ့ ဖြူ ဂစ်တာတီးသင်တာ အခြေအနေဘယ်လိုလဲ"

ယမုံက ရယ်နေရာမှ ဖြူဘက်လှည့်ကာမေးသည်။ ဖြူက သူ့ကို မလုံမလဲတစ်ချက်လှည့်ကြည့်သည်။ သူက ပြောင်ချော်ချော်ပြုံးပြုဖြစ်သည်။

"လက်ကွက်တွေတော့ တော်တော်များများသိနေပြီကွ"

www.burmeseclassic.com



ဖြူက မရဲတရဲဖြင့်ဆိုသည်။ သူ ဖြူ့ကို စရန် လည်ချောင်းကို ရှင်းဖြစ်သည်။

"အဟမ်း. . . သင်မနေပါနဲ့ဖြူရယ်၊ ဟော အခု ဖြူ့ လက်ကွက်တွေ အများကြီးသိရင် အများကြီးသိလေလေ အများကြီး မေ့လေလေပဲ၊ အများကြီးမေ့ရင် နည်းနည်းပဲသိတော့မှာလေ၊ အဲ နည်းနည်းလေးပဲသိရင် နည်းနည်းလေးပဲမေ့မယ်၊ နည်းနည်းလေးပဲမေ့ရင် အများကြီးသိတာပဲမဟုတ်လား၊ ဒီတော့ အများကြီး သိအောင် မသင်နဲ့ကွသိလား"

ရယ်ကျဲကျဲဖြင့်ဆိုသော သူ့စကားအဆုံးမှာ ဖြူ့မျက်နှာကြီး နီကာသွားသလို ယမုံကတော့ တခွီးခွီးရယ်သည်။

"ဟကောင် သူ့ရ မင်းလူကိုနောက်နေတာလား"

"မနောက်ရဲပါဘူးကွာ၊ မင်းကလည်း နည်းနည်းလေးပြော လိုက်တာနဲ့ စိတ်ကောက်တော့တာပဲ၊ မိန်းကလေးလည်းမဟုတ် ဘဲနဲ့"

"ဟကောင် တော်တော့"

အနှောင့်အသွားမလွတ်သော သူ့စကားအဆုံးမှာ သူမတ 'တော်တော့'ဟု အာခေါင်ခြစ်ကာ အော်သည်။ မျက်နှာကြီးနီကာ ရှုက်နေပုံက အတော်လေး ချစ်ဖို့ကောင်းနေသည်ကတော့ အမှန်ပဲ ဖြစ်သည်။

"သဲသဲရေ. . . ကိုယ်လေ ညဘက်ညဘက်ကို အိပ်မရ

www.burmeseclassic.com

www.burmeseclassic.com



ဘူး"

"ဘာဖြစ်လို့လဲဖြူရဲ့"

"သွားတစ်ချောင်းကိုက်နေတယ် သဲသဲရယ်၊ ဘာလုပ်ရမှန်းကိုမသိဘူး"

သူမက သဲသဲယမုံထံမှာ ခပ်ချွဲချွဲဆိုသည်။

"မင်း အဲဒီသွားကြောင့် ညညအိပ်မရရင် ဟိုဟာလုပ်"

သူ၏ညစ်ကျယ်ကျယ်အဆိုကြောင့် သူမက 'ဘာလုပ်ရမလဲ'ဟု မရဲတရဲမေးသည်။ မရဲတရဲမေးဆို သူက အကောင်းလုံး၀ မပြောတတ်သည်ကိုး။

"အဲဒီသွားကြောင့် ညအိပ်မပျော်ရင် ညဘက်ကို ညစောင့်အလုပ်ဝင်လုပ်၊ ဝင်ငွေတိုးတာပေါ့ကွာ ခွီး"

ပြောရင်း ခွီးခနဲ သူရယ်ဖြစ်သည်။

"ဟကောင် သူရ"

ဖြူ့အသံက အကျယ်ကြီးဖြစ်သည်။ ဖြူ့မျက်နှာက နီရဲကာနေသည်။ သူနှင့်ယမုံကတော့ တခွီးခွီးရယ်ဖြစ်ကြသည်။

~ ~ ~

www.burmeseclassic.com

www.burmeseclassic.com

## ၁၁ မြူမိုင်နှင်းအိပ်

"အခုခေတ်က ကိုရီးယားစတိုင်တွေ အရမ်းခေတ်စားပြီး ဝတ်ကြတော့ ဟိုအင်တာနက်ဟာသထဲကလို ဖြစ်နေပြီ"

"အင်း. . . ပြောပြပါဦး"

သူတို့သုံးယောက် ဆုံဖြစ်ကြတိုင်း သူက အင်တာနက်မှ ဟာသများကို ပြောပြဖြစ်သည်။ ယမုံကလည်း အမြဲပွဲတော်တိုး သည်။ အမြဲတမ်း အနှိပ်ကွပ်ခံရသူကလည်း ဖြူ ဖြစ်သည်။

ဖြူက မျက်နှာကြီးမဲ့ကာသွားရင်း သူ့ကို ဘုကြည့်ကြည့် သည်။

"တစ်နေ့ပေါ့ကွာ. . . Shopping Center တစ်ခုမှာ

www.burmeseclassic.com



ဈေးဝယ်ရင်းနဲ့ အမျိုးသမီးတစ်ယောက်ကပြောတယ်၊ ကိုရီးယား စတိုင်တွေ ဝတ်ကြစားကြနဲ့ ယောကျ်ားလေးလား၊ မိန်းကလေး လားပဲ မခွဲခြားတတ်တော့ပါဘူးတဲ့"

စကားကို တစ်ဝက်မှာဖြတ်ထားရင်း သူမကို ကြည့်ဖြစ် သည်။ တမင်ရည်ရွယ်ကာ ပြောနေမှန်းသိသော်လည်း သူမတာ မကြားယောင်ပြုသည်။ သို့သော်လည်း နားထောင်နေသည်မှန်း သိသည်မို့ သူ့စကားကို ဆက်ဖြစ်သည်။

"ဆံပင်ကလည်း တိုနံ့နံ့နဲ့ မိန်းမက မိန်းမနဲ့မတူဘူး၊ ရှင်သာဆို ဟိုရှေ့က ဆံပင်တိုနံ့နံ့နဲ့ ထောင့်မကျိုးတဲ့ ကောင်မလေး တို မိန်းကလေးမှန်းသိရဲ့လားတဲ့၊ တစ်ဖက်လူကလည်း ပြန်ပြော တယ်၊ မိန်းကလေးမှန်း သေချာပေါက်သိတာပေါ့ အဲဒါသမီးလေ လို့ ပြန်ပြောရော"

'ထောင့်မကျိုးတဲ့ကောင်မလေး'ဆိုသော နေရာမှ ဖြုဘတ် တိုမေးငေါ့ရင်းဆိုသော သူ့စကားကြောင့် သူမက အံကြိတ်ကြိတ်ကာ သူ့ကိုကြည့်သည်။

-"အဲဒါနဲ့"

ယမုံက သူ့ကိုစကားထောက်ပေးသည်။ သူ့စကားကို ဆက်ဖြစ်သည်။

"အဲဒါနဲ့ တစ်ဖက်ကအမျိုးသမီးကလည်း အားနာသွား တာပေါ့၊ အဲဒါနဲ့ပဲ Sorry ပါရှင်၊ ကျွန်မက ရှင့်ကို သူ့အဖေမှန်းမသိ



www.burmeseclassic.com

www.burmeseclassic.com



လို့ပါလို့ တောင်းပန်တယ်၊ အဲဒီမှာ ပိုဆိုးသွားတယ်"

"ဘာဖြစ်လို့လဲ"

ယမုံက အမေးရှိသည်။ ဖြူကတော့ သူ့ကို ဘုကြည့်ကြည့်သည်။

"ဘာဖြစ်ရမှာလဲ အဖေမှန်းမသိလို့ပါနော်လို့ တောင်းပန်ခံရတဲ့လူက ပြန်ပြောတယ်၊ ကျွန်မက သူ့အဖေမဟုတ်ဘူး၊ သူ့အမေပါတဲ့"

သူ့စကားအဆုံးမှာ ယမုံက တခွီးခွီးဖြင့်ရယ်သည်။ ဖြူကတော့ မျက်နှာကြီးနီရင်း သူမကို စောင်းပြောမှန်းသိသည်မို့ သူ့ကို အံကြိတ်ကာ ကြည့်သည်။ သူကတော့ သူမကို ရယ်ကျဲကျဲသာ ပြန်ကြည့်ဖြစ်သည်။

"ဒီလိုလုပ်မယ်လေ ဉာဏ်စမ်းပဟေဠိတွေမေးတမ်းကစားမယ်လေ၊ အပျင်းပြေပေါ့ ဘယ်လိုလဲ"

သူ၏စကားအဆုံးမှာ ယမုံက ကောင်းသားပဲဟုဆိုသည်။ သူမကတော့ ဘာစကားမှမဆို။

"ဖြူ့ကို အရင်ဆုံးမေးမယ်၊ အမြန်မေးမှာဆိုတော့ အမြန်ဖြေရမယ်နော်၊ နောက်ကျဖြေရင် အရှုံးအဖြစ်သတ်မှတ်မယ်"

"မေးလိုက်စမ်းပါကွာ"

ဖြူက ယောကျ်ားတစ်ယောက်စတိုင်ဖြင့် ခပ်ကြွားကြွားဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကွာ ဂွမ်းတစ်ပိဿာနဲ့ ခဲတစ်ပိဿာ ဘယ်ဟာပိုများလဲ"

"တစ်ပိဿာအတူတူပဲလေ၊ ဒါမျိုးက မူကြိုကလေးတွေတောင် ဖြေတတ်တယ်ကွ သူရရဲ့ မင်းတော်တော် IQ နိမ့်သေးတာပဲ"

ဖြူက အကွက်ဆိုက်ပြီဟု သူ့ကိုဖိ၍ဆိုသည်။

"အိုကေ. . . ဂွမ်းတစ်ပိဿာနဲ့ ခဲတစ်ပိဿာ မျှတတာတူတာ မင်းလက်ခံတယ်နော်"

"လက်ခံတယ်လေ ဘာဖြစ်လဲ"

ဖြူက သူ့အမေးကို ခပ်ကြွားကြွားပင်ဆိုပြန်သည်။

"ဒါဖြင့် မင်းရဲ့ခြေမကို ငါက ခဲတစ်ပိဿာတုံးနဲ့ထုမယ်၊ မင်းက ငါ့ခြေမကို ဂွမ်းတစ်ပိဿာနဲ့ ပြန်ထုကွာဖြစ်မလား"

သူ့စကားအဆုံးမှာ ယမုံက ခွီးခနဲထရယ်သည်။ သူမကတော့ 'အဲဒါ မင်းကြီးတော်ကို သွားမေးပါလား'ဟု အရွဲ့တိုက်သည်။

"လောကကြီးမှာ တူတိုင်းလည်း မတူတာတွေ အများကြီးရှိတယ်ဖြူရဲ့ ဘယ်လောက်ပဲတူအောင်နေနေကွာ ဂွမ်းကဂွမ်းပဲ၊ ခဲကခဲပဲ"

ယောကျ်ားလို ဘယ်လောက်တူအောင်နေနေ မိန်းမက မိန်းမပဲဟူသော အဓိပ္ပာယ်ရသည့် သူ့စကားအဆုံးမှာ သူမက ဆတ်ခနဲ ထထွက်ကာသွားသည်။ သူနှင့် ယမုံကတော့ သူမ၏

www.burmeseclassic.com



လိမ်ကျစ်လိမ်ကျစ်ပုံစံကိုကြည့်ကာ ရယ်ဖြစ်ကြသည်။ ဖြူကလည်း နှုတ်မဆက်ဘဲ ပြန်သွားသည်ကိုး။

~ ~ ~

www.burmeseclassic.com

www.burmeseclassic.com



သဲသဲယမုံနှင့် အတော်လေးကြာသည်အထိ စကားပြောဖြစ်ကြသည်။

"တဲ ပြန်ရအောင်လေ"

ယမုံက 'ပြန်ရအောင်'ဟု ဆိုကာမှ 'ကောင်းသားပဲ'ဟုဆိုရင်း သူ ကားသော့ကို စမ်းဖြစ်သည်။

ကားသော့က ဘယ်အိတ်ကပ်ထဲမှာမှ ရှိမနေ။ စောစောကတော့ စားပွဲပေါ်မှာ သူတင်ထားမိသည်ကို အမှတ်ရသည်။ ယမုံကပါ ခုံပေါ်မှာ ရှာကူသည်။

"တောက်"

www.burmeseclassic.com

www.burmeseclassic.com



စောစောစီးစီးထပြန်သွားသော ဖြူ့ကို သူတွေးမိချိန်မှာ သူ တောက်ခေါက်ဖြစ်သည်။ ပြီး ဖုန်းကို အသည်းအသန်ဆက်ဖြစ်သည်။

"ပြော သူရ"

"ဖြူ ငါ့ကားသော့ မင်းယူသွားတယ်မဟုတ်လား"

"ယူမသွားပါဘူးကွာ၊ မင်းကလည်း စွပ်စွပ်စွဲစွဲ"

"ဟကောင်. . . မင်းလေသံနားထောင်တာနဲ့ ငါသိတယ်၊ ဘာယ်ယူသွားတာလဲ အခုပြန်လာပေး"

သူဒေါကန်ကန်ဖြင့် ဆိုဖြစ်သည်။ ဖြူက တခွီးခွီးဖြင့်ရယ်သည်။ ရယ်သံက အောင်နိုင်သူတစ်ယောက်၏ အထက်စီးရယ်သံမျိုး။

ယမုံက 'ဘယ်လိုလဲ'ဟု ပခုံးတွန့်၍မေးသည်။

"ရတယ်လေ ဖြူ ကားသော့မရှိတော့လည်း ယမုံ့ကားနဲ့ ငါ့အိမ်ကို လိုက်ပို့ခိုင်းရတော့မှာပေါ့၊ Thank You ကွာ၊ မင်းရဲ့ အစီအစဉ်က သိပ်ပြီးမိုက်တယ်ကွာ၊ Thank You ဖြူ တာ့တာနော်"

သူဖုန်းနှင့်ကပ်ကာ ယမုံမကြားအောင် အသံကိုနှိမ့်၍ ဆိုဖြစ်သည်။ 'တာ့တာ'ဟုဆိုရင်း ဖုန်းချခါနီးမှ ဖြူက 'ခဏလေး' ဟု ဆိုသည်။

"ပြော. . . ဘာပြောမလို့လဲ"

"စားပွဲခုံအောက်က အမှိုက်ပုံးထဲမှာ ဒါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"စားပွဲခုံအောက်က အမှိုက်ပုံးထဲမှာ ဟုတ်လား၊ ဟဲလို ဟဲလို"

သူမက 'ဒါပဲ'ဟုဆိုကာ ဖုန်းချသွားခဲ့ပြီဖြစ်သည်။ သူနှင့်ဖြူ ဖုန်းပြောနေသည်ကို ယမုံက မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်ဖြင့် ကြည့်နေရှာသည်။

သူ စားပွဲခုံအောက်မှ အမှိုက်ပုံးထဲရှာဖြစ်သည်။ တော်သေးသည်က အမှိုက်ပုံးထဲမှာ ဘာအမှိုက်မှ မရှိသေးသည်မို့ သော့ကို သန့်သန့်ရှင်းရှင်းပင် ပြန်ယူ၍ ရလိုက်သည်။

"ဘယ်အချိန် ပစ်ချသွားလဲမသိဘူးနော်"

ယမုံက အရယ်တစ်ဝက်ဖြင့်ဆိုသည်။

"သူ့ကို တောက်လျှောက်နှိပ်ကွပ်နေတော့ စိတ်ဆိုးပြီး ထွက်သွားတယ်ထင်နေတာ၊ သူက ညစ်ပတ်ပြီးမှ ထွက်သွားတာ တိုး၊ တွေ့ဦးမယ်"

စိတ်ထဲ ခပ်ချဉ်ချဉ်ရှိသည်မို့ သူရေရွတ်ဖြစ်သည်။ ယမုံ တစေတော့ သူ့ကိုကြည့်ရင်း ရယ်သည်။

"ကိုသူရနဲ့ ဖြူကလေ တကယ့်ကို မတည့်အတူနေတွေနော်၊ မမြင်ရရင်လည်း မနေနိုင်ကြဘူး၊ တွေ့ရင်လည်း မတည့်ကြဘူး"

ယမုံ၏ မှတ်ချက်စကားက တကယ်တော့ အမှန်တွေသာ ဖြစ်သည်။

~ ~ ~

www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ဖြူနှင့်သူက စိတ်တူကိုယ်တူတွေဖြစ်သည်။ ယမုံ့အိမ်ကို စောစောစီးစီး နှင်းဆီပန်းတွေ အပြိုင်အဆိုင်ပို့သောအခါ ဖြူက အရင်ရောက်လိုက် သူကအရင်ရောက်လိုက်နှင့် တစ်ယောက်ကိုတစ်ယောက် စကြနောက်ကြရင်း ပျော်စရာတော့ကောင်းသည်။ ယမုံ့ဆီ SMS အပြိုင်ပို့ကြ၊ ဖုန်းပြိုင်ဆက်ကြနှင့် နောက်ဆုံး ယမုံ့ကို Propose လုပ်သည့်နေ့ကအစ တူကြသည်။

ယမုံကတော့ ခုထိ ဘယ်သူ့ကိုမှ အဖြေမပေးသေး။

~ ~ ~

www.burmeseclassic.com

www.burmeseclassic.com



အချိန်အတော်ကြီးကြာပြီးမှ ယမုံက သူတို့နှစ်ယောက်စလုံးကို အဖြေပေးမည်ဟုဆိုကာ ဆိုင်တစ်ဆိုင်တွင်ချိန်းသည်။

ဆိုင်ရှေ့သို့အဝင်မှာ သူနှင့်ဖြူ မျက်နှာချင်းဆိုင်ဆုံကြသည်။ ဖြူ့လက်ထဲမှာ အထုပ်တစ်ထုပ်။ ပြီး သူ့လက်ထဲမှာလည်း ဖြူ့အတွက် အထုပ်တစ်ထုပ်။ တစ်ယောက်မျက်လုံးကို တစ်ယောက် အရှုံးမပေးစတမ်း စိုက်ကြည့်ဖြစ်ကြသည်။

"သူရ. . . ဒီမှာတွေလား၊ မင်းဝတ်ဖို့ ပါတိတ်ဝမ်းဆက်"

ဖြူက သူမကိုင်ထားသော အထုပ်ကို မြှောက်ပြရင်း ခပ်ကြွားကြွားဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း. . . ငါကလည်း ဒီမှာ မင်းဝတ်ဖို့ ပါတိတ်ဝမ်းဆက်ပါပဲဖြူ"

သူလည်း လက်ထဲမှအထုပ်ကို မြှောက်ပြရင်း ခပ်တင်းတင်းဆိုဖြစ်သည်။ ဆိုင်ထဲအတူတူဝင်ကြသောအခါ ဖြူက သူ့ပခုံးတို တမင်ဝင်တိုက်ကာသွားသည်။ ဆိုင်ထဲတွင်မတော့ ယမုံက အသင့်ရောက်ကာနေသည်။

"ကဲ သဲသဲ ရှည်ရှည်ဝေးဝေးတွေ ပြောမနေနဲ့၊ ကိုယ်ပဲ မဟုတ်လား သဲသဲရွေးချယ်ခဲ့တာ ကိုယ်ပဲမဟုတ်လား"

ဖြူက ခရီးရောက်မဆိုက်ပင်ဆိုသည်။

"ယမုံ ကိုယ်က အချစ်လည်းအစစ်၊ နှလုံးသားလည်း အစစ်နော်၊ ဘာတစ်ခုမှ အတုမပါဘူး၊ ကိုသူရအချစ်ကို လက်ခံတယ်မဟုတ်လား"

သူလည်း ဖြူ့ကို အားကျမခံပင်ဆိုဖြစ်သည်။ ယမုံတတော့ ခေါင်းကို ဘယ်ညာရမ်းသည်။ ပြီး သက်ပြင်းကိုချသည်။

"နှစ်ယောက်စလုံးကို ကျွန်မ မချစ်ဘူး"

"ဟင်"

"ဒါဖြင့်"

ယမုံက ခေါင်းကို ညိတ်ပြန်သည်။

"ဟုတ်တယ်၊ ကျွန်မနဲ့ပြတ်သွားတဲ့ ရည်းစားဟော [illegible]

ပဲ ကျွန်မချစ်တယ်၊ သူကလည်း ကိုသူရတို့လိုပဲ တစ်[illegible]

www.burmeseclassic.com

www.burmeseclassic.com



ချစ်ခွင့်ပြန်ပန်ခဲ့တယ်လေ၊ ယမုံကို ချစ်ခွင့်ပန်တဲ့ လူသုံးယောက် ထဲမှာမှ သံယောဇဉ်လက်ကျန်ရှိနေတဲ့ ရည်းစားဟောင်းကို ကျွန်မ ရွေးခဲ့တာပါ၊ နှစ်ယောက်စလုံးနဲ့ သူငယ်ချင်းလိုပဲ ခင်ကြတာပေါ့ နော်၊ ကဲ နှစ်ယောက်စလုံး ယမုံသွားပြီနော်၊ ရွှေလမင်္ဂလာဆောင် ကျရင် နှစ်ယောက်စလုံးကို ဖိတ်လိုက်ပါ့မယ်"

သဲသဲယမုံ ထွက်သွားပြီး အချိန်အတော်ကြာသည်အထိ ဖြူနှင့်သူ နေရာမှာပင် ဆက်ထိုင်ဖြစ်ကြသည်၊ သူ့ရင်ထဲတွင်လည်း ရှက်ခြင်း၊ မျက်နှာပူခြင်း၊ နောင်တရခြင်း စသော အမျိုးအစားကို သေချာခွဲမပြနိုင်သော ဝေဒနာမျိုးဖြင့် ရင်မှာ နင်ကာနေသည်။

"ကဲ. . . ဒီပွဲမှာ နင်ရှုံးတယ် သူရ"

"ဘာကွ. . . ငါရှုံးတော့ မင်းကရောနိုင်လို့လား"

ဖြူ၏စကားကို သူပြန်၍ဆိုဖြစ်သည်။

"အဲဒါတွေ ငါနားမလည်ဘူး၊ ရော့ ဒီပါတိတ်ဝမ်းဆက် မင်းဝတ်၊ ပြီးတော့ ငါ့ကို ကိုကိုလို့ခေါ်"

ဖြူက ဇွတ်တရွတ်ပင်ဆိုရင်း အထုပ်ကို လှမ်းပေးသည်။

"မင်းရူးနေလား၊ ငါကသေတောင် မိန်းမအဝတ်မဝတ် ဘူး၊ ပြီးတော့ ဒီပွဲကသရေလေ"

"သရေကျကျမကျကျ မင်းဝတ်ရမယ်၊ ပြီးတော့ ငါ့ကို 'ကိုကို'လို့ခေါ်ရမယ် သူရ၊ ကဲ သူ့ကို ပါတိတ်ဝမ်းဆက်နဲ့ လမ်းထွက်လို့ရအောင် လုပ်ပေးလိုက်စမ်းကွာ"



www.burmeseclassic.com

www.burmeseclassic.com

ဖြူ၏စကားအဆုံးမှာ သစ်သစ်ဖူးနှင့် ဝဏ္ဏက နှစ်ယောက်သား ဘေးမှာပေါ်လာကြရင်း လက်ကိုဝိုင်းချုပ်ကြသည်။

"မဝတ်ဘူးကွာ. . . လွှတ်စမ်း၊ ငါသေတောင်မဝတ်ဘူး"

ရှန်းကန်ကြည့်သော်လည်း အဆင်မပြေ။ သူ့အာခေါင်ခြစ်ကာ အော်ဖြစ်သည်။

"မဝတ်ဘူး၊ မဝတ်ဘူးကွာ"

~ ~ ~

www.burmeseclassic.com

www.burmeseclassic.com



"မဝတ်ဘူးကွာ. . . မဝတ်ဘူးကွာ"

"မောင်. . . မောင် မောင်သတိရလာပြီလား"

နှုတ်ကအော်ရင်း မျက်လုံးကိုဖွင့်လိုက်သောအခါ ဆေးရုံ မျက်နှာကျက် မဖြူတဖြူကို ဓာတ်ရှင်တွေထဲမှာလို ဝေဝေဝါးဝါး တွေ့ရသည်။ ပြီး ဘေးမှာ ကြည်ကြည်လင်လင်ကြီး မြင်ရသည်က ဖြူ။

"ဖြူ"

"မောင်. . . မောင် သတိရပြီလား"

"ဟကောင် သတိရပြီလား"

www.burmeseclassic.com

www.burmeseclassic.com



အသံလာရာဆီ ကြည့်လိုက်တော့ ဝဏ္ဏ။ ဝဏ္ဏက တကယ့်ကို ကျားကျားလျားလျားကြီး။ ပြီး ၎င်းဘေးမှာ သစ်သစ်ဖူးကို မိန်းမဆန်စွာပင် တွေ့ရသည်။ ပြီး မိုးအောင်နှင့်ဝတီ။

"ဖြူ"

"ပြောလေ မောင်ရဲ့"

"ဖြူ ဘာမှမဖြစ်ဘူးနော်"

"အာ. . . မောင်ကလည်း နောက်နေပြန်ပြီ၊ ဖြူက မောင့်ကိုမေးရမှာလေ၊ မောင် ဘာဖြစ်သွားသေးလဲဟင်"

ဖြူက ခေါင်းကုတ်ရင်းဆိုသည်။

"ဖြူ. . . ဖြူ ဟိုဘက်လှည့်"

"ရှင်"

"ဟကောင် ဘေးမှာလူတွေရှိတယ်လေ၊ ဘာကောင်လဲကွ၊ ခုတင်ပေါ်မှာ ပက်လက်ကြီးဖြစ်နေတာတောင်မှ ဖွတ်"

ဝဏ္ဏက ထအော်သည်။ ဖြူက ရှက်ရှက်ဖြင့် 'ဘာမှန်းလဲမသိဘူး'ဟုဆိုသည်။

"မဟုတ်ဘူး၊ ဟိုဟာကြည့်ချင်လို့"

"ဘယ်ဟာလဲ၊ ဟကောင် သူရ"

မိုးအောင်က ရယ်ကျဲကျဲဖြင့် လှမ်း၍ဟန့်သည်။

"ဆံပင်ကွ ဆံပင်၊ ဖြူ့ဆံပင်ကိုပြောတာ"

"ဖြူ့ဆံပင်ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ဖြူက နောက်ပို့ထားသော ဆံနွယ်ရှည်ကို ရှေ့သို့ချရင်း မေးသည်။ ဖြူ့ဆံပင်က အရင်လိုပင် ရှည်လျားစွာ ပျော့ပြောင်းစွာ ရှိနေသည်။ သူဝမ်းအသာကြီးသာသွားရသည်။

"ဒါနဲ့ ငါ ဆေးရုံရောက်တာ ဘယ်နှစ်ရက်ရှိပြီလဲ"

"သုံးရက်ရှိပြီ"

"သုံးရက်"

လက်သုံးချောင်းထောင်ရင်း ဖြူကဆိုသည်။ 'သုံးရက်'ဟု သူလိုက်၍ ရေရွတ်ဖြစ်သည်။ သုံးရက်အတွင်းမှာ သူ့အိပ်မက်တို့က သွေးပျက်စရာကောင်းနေသည်။ အဖြစ်အပျက်တို့က ရယ်လည်းရယ်ချင်စရာကြီး ဖြစ်ကာနေသည်။

BURMESE CLASSIC

"ဟား. . . ဟား. . . ဟား"

ပြန်တွေးရင်း ရယ်ချင်သည်မို့ သူထရယ်ဖြစ်သည်။

"ဟကောင် သူရ ဒီကောင် ကားမှောက်ပြီး ရူးသွားပြီ လားမသိဘူး၊ သွား သွား ဆရာဝန်သွားခေါ်"

မိုးအောင်က အလန့်တကြားဆိုသည်၊ သူကတော့ အူကြောင်ကြောင်ကြည့်နေကြသော ဖြူကိုရော သစ်သစ်ဖူးနှင့် စဏ္ဍာကိုရောကြည့်ပြီး ပို၍ရယ်ချင်လာသည်မို့ အူလှိုက်သည်းလှိုက် တခွိုးခွိုးရယ်ဖြစ်သည်။

သူ ဖြူနှင့် ကျန်ဘော်ဒါများကို ထိုအဖြစ်အပျက်အား ပြောပြမည်ဟု သူတွေးဖြစ်သည်။ ထိုစဉ်မှာပင် တာဝန်ကျဆရာ



www.burmeseclassic.com

www.burmeseclassic.com

ဝန်က ဝင်ချလာသည်။ ဆရာဝန်မလေးကိုကြည့်ပြီး သူ့ မျက်လုံး ပြူးသွားမိသည်။ ဆရာဝန်မက သူသတိမေ့နေစဉ် ဖြူနှင့်သူ ပြိုင် လိုက်ခဲ့သော သဲသဲ ယမုံနှင့် အတော်တူသည်။ သူမရဲတရဲပင် ဆရာဝန်မကို မေးဖြစ်သည်။

"ဆ. . . ဆရာမက သဲသဲယမုံလားဟင်"

"ဟုတ်တယ်၊ ဒါနဲ့ ဘယ်လိုသိနေတာလဲ"

"ဗျာ"

သူ ရုတ်တရက်ကြီး မျက်စိပြာဝေကာ သတိမေ့သလိုဖြစ် ကာသွားသည်။ မျက်စိကိုအားယူကာ ဖွင့်ကြည့်ဖြစ်သည်။

သူ့ရင်တွေ တလှပ်လှပ်ခုန်ကာနေသည်။

"မောင် ဆရာမမေးနေတယ်လေ၊ ဘယ်တုန်းကသိတာ လဲတဲ့"

BURMESE CLASSIC

ဖြူက မျက်နှာထိမျက်နှာဘားကြီးဖြင့် မေးသည်။ သူ ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ ရင်တွေက တဒိန်းဒိန်းခုန်ကာ နေသည်။

"ကျွန်တော် ခဏလောက်အိပ်ချင်တယ် ဒေါက်တာ၊ ...
နားချင်လို့ပါ"

"OK လေ၊ ရပါတယ်၊ ဆေးထိုးပေးမယ်နော်"

ဒေါက်တာသဲသဲကြေးမုံထံမှ 'ရပါတယ်'ဟူသောစကားကို ကြားရသည်။ သူကတော့ မျက်လုံးကို စုံမှိတ်ကာထားဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်. . . မောင်သက်သာရဲ့လားဟင်"

ဖြူက သူ့လက်ကိုဆုပ်ကိုင်ရင်း စိုးရိမ်စွာမေးသည်။

"သက်သာပါတယ်ဖြူရယ်၊ မောင်ခဏလေးနားပြီးရင် ဖြူ့ကို ပြောပြစရာရှိတယ်၊ ကျန်တဲ့လူတွေကိုရောပေါ့၊ အံ့သြစရာလည်းကောင်း၊ ရယ်စရာလည်းကောင်းတယ်ဖြူ့ လောလောဆယ်တော့ ကို အိပ်ချင်လာပြီ"

ပြောရင်း သူ မျက်လုံးတွေလေးကာလာသည်။ သူ ဒီတစ်ခါ အိပ်ရာကနိုးလျှင်တော့ ဖြူတို့အုပ်စုကို ဟာသတွေ အများကြီး ပြန်ပြောပြဖြစ်လိမ့်မည်ထင်သည်။

ဟာသတောင် ရိုးရိုးဟာသမဟုတ်။ ကြိကြိဖန်ဖန်ဟာသ။ ကိုးရိုးကားရားဟာသ။

BURMESE CLASSIC

ကျေးဇူးတင်ပါသည်။

ပြည့်ပိုင်မှူးအိမ်

Pyae Paing Hmue Eain @ G-mail com.

Face Book Account (Pyaepainghmueeain)

www.burmeseclassic.com